သမိုင်းဖေပေ့လာရေး

စာစောင် ၅




ကရင်အမျိုးသားသမိုင်းသုတေသနအဖွဲ့

# မာတိကာ

(က) ပြည်သစ်အာဘော်
(ခ )"လွတ်လပ်သောကရင်သမိုင်းသုတေသနအသင်း"၏လုပ်ငန်းစဉ် - - - - - - - - - - ၁
(ဂ )မြန်မာသက္ကရာဇ်နှင့်ခရစ်သက္ကရာဇ်ရေးမှတ်နည်းများ - - - - - - - - - - - - - ၂
(ဃ)ပါဒနိုင်ငံတော်နှင့်ရှေးခေတ်ဘုရင်များ - - - - - - - - - - - - - - - - ၃
(င )ကရင်လူမျိုးနှင့်မျိုးနွယ်စုများ - - - - - - - - - - - - - - - - ၆
(စ )ဆွေးနွေးခန်း - - - - - - - - - - - - - - - - - - - - ၁၀
(ဆ) ထိုင်းနိုင်ငံတိုင်းရင်းသားကရင်လူမျိုးများ - - - - - - - - - - - - - - - -၁၃
(ဇ )၁၈-၁၉ ရာစုထိုင်းနိုင်ငံရှိကရင်လူမျိုးများဘဝ - - - - - - - - - - - - - ၁၈
(ဈ)ကရင်လူမျိုးနှင့်ပတ်သက်သောစာအုပ်အညွှန်းများ- - - - - - - - - - - - - - ၂၄

## ပြည်သစ် ၏ ဥဒယျာဉ်

"လွတ်လပ်သောကရင်သမိုင်းသုတေသနအသင်း"သည် "သုတေသနစာစောင်" ထုတ်ဝေရေးလုပ်ငန်းကို အခါအားလျော်စွာ ထုတ်ဝေရန်သာ သဘောထားခဲ့ပါသည်။ အထူးသဖြင့် သုတေသနကာလအတွင်းလေ့လာချက်များကိုပြည်သူသို့ တင်ပြပြီး အကြံဉာဏ်များ ရယူခြင်း၊ အချက်အလက်များအား ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများဖြင့် ခိုင်မာသောသမိုင်းတစောင်ရယူနိုင်ရေးကိုမျှော်လင့်လျက် ဆောင်ရွက်ရန်ဖြစ်သည်။ သို့သော် သုတေသနလုပ်ငန်း၏ ပထမခရီးစဉ်အစ၌ပင် တွေ့ရှိရသော အခက်အခဲများအပေါ် ကျွိုသုတေသနစာစောင်ကို အရင်စလို ထုတ်ဝေလိုက်ရပါသည်။ ကျွန်ုပ်တို့ "သုတေသနအသင်း"သည် ပထမဦးဆုံးသောခြေလှမ်း တရပ်ဖြစ်သော မှီငြမ်းစာအုပ်များနှင့် ကရင် အမျိုးသားများနှင့် ပတ်သက်သောသမိုင်းကြွင်းအထောက်အထားများရရှိနိုင်ရေးကို စတင် ဆောင်ရွက် ခဲ့ပါသည်။ "ကရင်"နှင့်ပတ်သက်သော နိုင်ငံတကာ သမိုင်းသုတေသီတို့ ပြုစုခဲ့သော စာတမ်းအချို့ကို ရှာဖွေရရှိသော်လည်းရှေးကရင်သမိုင်းဆရာများနှင့်၎င်းတို့၏ စာအုပ်စာတမ်း များသည် ရှားပါးလျက် ရှိနေပါသည်။ ဦးစောနှင့်ဦးပညာ ပုဂ္ဂိုလ်နှစ်ဦးရေးသားခဲ့သော ကရင်သမိုင်းနှစ်စောင်သည် ယနေ့ ထက်တိုင် ရှာဖွေ၍ မရနိုင်သေးပါ။ စောအောင်လှသမိုင်း၏ မှီငြမ်းစာအုပ်များသည်လည်း အချို့သာ ရရှိသေးသည်။ "ကရင် လူမျိုး"၏ မူလအစနှင့် ပတ်သက်၍ ရှေးသမိုင်းဆရာများ၏ လေ့လာချဉ်းကပ်နည်းများသည် အထူး တန်ဘိုးကြီးပါသည် သို့သော် နှစ်ပေါင်း(၅၀)ကျော်ပြီးဖြစ်သော စာအုပ်များနှင့် မှတ်တမ်းများသည် အထူးလေ့လာသိမ်းဆည်းသူများထံမှ လွဲ၍ အခြားနေရာတကာတွင် ရရှိနိုင်မည် မဟုတ်တော့ပေ။ အထက်ပါအခက်အခဲမျိုးကို ဝိုင်းဝန်းဖြေရှင်းနိုင်ရန်အတွက် တမျိုးသားလုံးနှင့် အလျင်အမြန် ဆက်သွယ်ရေးကိစ္စသည် ရှေ့တန်းသို့ ရောက်လာပါသည်။ ဆက်သွယ်ရေးကရိယာ အဖြစ်ဖြင့် ကျွိုသုတေသနစာစောင်က စွမ်းဆောင်နိုင်မည်ကို အပြည့်အဝယုံကြည်မိပါသည်။ ကျွိုစာစောင်၌ ဖေါ်ပြချက် များသည် ရေးသားသူများ၏ တင်ပြချက်သာဖြစ်ပါသည်။ သို့သော် ရေးသားသူနှင့်စာပေါင်းတည်းစဉ်းစားဆုံးဖြတ်ရန်လည်းလိုမည် ဖြစ်ပါသည်။ဝါသနာရှင်အားလုံးတို့၏ထင်မြင်ချက်နှင့်တင်ပြချက်များအတွက် ဆွေးနွေးရန် ကဏ္ဍတခုကို ဖေါ်ထုတ်ထားပါသည်။ဝါသနာရှင်အားလုံးတို့သည်ကျွိုကဏ္ဍကိုအသုံးပြုပြီး ပူးပေါင်းဆောင်ရွက်မည်ကိုလည်းယုံကြည်ပါသည်။ထိုပူးပေါင်းဆောင်ရွက်မှုသည် ကျွန်ုပ်တို့မျှော်လင့်သော "ကရင်"သမိုင်း စာစောင် ပေါ်ထွက်ရေးအတွက် အဓိကမောင်းနှင်အား ဖြစ်ပါသည်။ကြီးမားသောမျှော်လင့်ချက်ဖြင့်ကျွိုစာစောင်ကိုထုတ်ဝေလိုက်သော်လည်း ဘက်ပေါင်းစုံ အားနည်းချက်များ ရှိနေပါသည်။ ထိုအားနည်း ချက်များကိုတွေ့ရှိသည့် အခါတိုင်း နားလည်ခွင့်လွှတ်ရန် မေတ္တာရပ်ခံပါသည်။

# "ကရင်သမိုင်းပြုစုရေးအတွက်"

## *လွတ်လပ်သောကရင်သမိုင်းသုတေသနအသင်း၏ လုပ်ငန်းစဉ်*

ကရင်လူ့အဖွဲ့အစည်း၏ အတိတ်နှင့်ပစ္စုပ္ပန်ဖြစ်ရပ်မှန် များကိုလေ့လါမှတ်တမ်းတင်ရန်ဝါသနာရှင်အချို့ကိုစုစည်းပြီးလေ့လာရေးအဖွဲ့တဖွဲ့ကိုတည်ထောင်ထားပြီး ဖြစ်ပါသည်၊ထို အသင်းကို "လွတ်လပ်သောကရင်သမိုင်းသုတေသနအသင်း"ဟုခေါ်ပါသည်။ပါဝင်သူများမှာကရင်အမျိုးသားလှုပ်ရှားမှု့ကို လေ့လာဖေါ်ထုတ်ရန်နှင့်အနာဂတ်မျိုးဆက်များအတွက်မှတ်တမ်းပြုပေးလိုသော စေတနာတခု တည်းနှင့်ပါဝင်ကြ သူများဖြစ်သည်။ကျယ်ပြန့်သောကျွ်လုပ်ငန်းကိုအကြံပေးရန်နှင့်ကူညီဆောင်ရွက်ရန်တမျိုးသားလုံးကိုတခါးဖွင့်ပေးထားပါသည်၊

"လွတ်လပ်သော ကရင်သမိုင်းသုတေသနအသင်း" ၏ ပထမခြေလှမ်း အဖြစ်ဘာသာ စကားမျိုးစုံဖြင့် ရေးသားထားသောကရင်အမျိုးသားအကြောင်းစာစောင်မျိုးစုံကဗျာလင်္ကာမှတ်တန်းစုံပေပရပိုဒ်နှင့် သမိုင်းဆိုင်ရာ အထောက်အထားများ ရှေးဟောင်း ပစ္စည်းမျိုးစုံစသည်များကိုရှာဖွေစုဆောင်း မှတ်တမ်းတင်သွားမည်ဖြစ်သည်၊ဒုတိယခြေလှမ်းအဖြစ်သမိုင်းမတင်မှီကရင်အမျိုးသားဘဝပဒေသရာဇ်ခေတ်နယ်ချဲ့ကိုလိုနီခေတ် ဖက်ဆစ်ဆန့်ကျင်ရေးကာလကရင်ပြည်တောင်းဆိုသောကာလမြန်မာပြည်လွတ်လပ်ရေးမတိုင်မှီနှင့်လွတ်လပ်ရေးရပြီးကာလကရင်လက်နက်ကိုင် တော်လှန်ရေးကာလ ဖြစ်စဉ်တလျှောက်လုံးကရင်အမျိုးသား လှုပ်ရှားမှုအတွင်းနိုင်ငံရေးစီးပွားရေးလူမှုရေးဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုပညာရေးကျန်မာရေးစသောလှုပ်ရှားမှုများကိုလေ့လာမှတ်တမ်းတင်ခြင်းများကိုဆောင်ရွက်သွားမည်၊သုတေသနပြုရာတွင်ကရင်အမျိုးသားသမိုင်းဆရာများနှင့် သုတေသီတို့ပြုစုရေးသားခဲ့သောအောက်ပါ အယူအဆများကိုစီစစ်လေ့လာဖေါ်ထုတ်ရန်ကြိုးပမ်းသွားမည်။

(က)ကရင်အမျိုးသားများသည်ပျောက်ဆုံးနေသောဣသရေလလူမျိုး(၁၂)မျိုးအနက်တမျိုးဖြစ်သည်၊

(ခ) မောင်ဂိုလီးယားမှတိဘက်ကုန်းပြင်မြင့်တရုပ်ပြည်ယူနန်ကိုဖြတ်ပြီးမြန်မာပြည်ကိုရောက်လာသည်၊

(ဂ)မြန်မာပြည်မှပေါက်ဖွားလာသောလူမျိုးဖြစ်သည်၊

(ဃ)ကရင်လူမျိုးများသည်မြန်မာပြည်သို့ဘီစီ(၇၃၉)တွင် ရောက်လာပြီးရှေးအကျဆုံးရောက်လာသောလူမျိုးတမျိုးဖြစ်သည်၊

(င)ပျူကမ်းယမ်မှာကရင်များ၏ မူလမျိုးနွယ်ဖြစ်သည်၊

မြန်မာသမိုင်းကိုရေးသားခဲ့သော သမိုင်းပညာရှင်များကသမိုင်းမတင်မှီကာလ အထက်ပါ ယူဆချက်များကိုရှင်းလင်း ခြင်းငြင်းဆိုခြင်း ထောက်ခံခြင်း မပြုခဲ့ပေ။ ၎င်းတို့တင်ပြချက်များမှာ ကွဲပြားခြားနားလျှက်ပင်ရှိနေသည်၊ ကျွ်မဖြေရှင်းနိုင်သော ယူဆချက်များကို သမိုင်းပညာများနှင့် ပူးပေါင်းဖြေရှင်းသွားမည်၊ လူ့သမိုင်းကိုပြုစု ရေးသားရာတွင် ရေးသား သူ၏ အယူအဆနှင့်ကင်းကွာသောသမိုင်းဟူ၍မရှိဟု သမိုင်းပညာရှင်များကဆိုထားသည်။ရေးသားသူ၏ရပ်တည်ချက်ခံစားချက်သည်သမိုင်းဖြစ်စဉ်တရပ်လုံးကိုဘက်တဘက် အမြင်ဖြစ်နေရာယူမည် ဖြစ်သည်၊ မြန်မာ သမိုင်း ပညာရှင် အချို့ကပဒေသရာဇ်ခေတ်နယ်ချဲ့ကျူးကျော် တိုက်ခိုက်မှုများကိုနိုင်ငံတော်စည်းလုံးခြင်း တည်ထောင်ခြင်းဟူ၍ ဖေါ်ပြခြင်းဖြင့် မဟာလူမျိုးကြီးဝါဒကို ကိုယ်စားပြုရာရောက်မည်ဖြစ်သည်။

ကျွန်ုပ်တို့ရေးသားလိုသောသမိုင်းသည် ဘက်လိုက်အမြင်ဖြင့်ရေးသားမှုများကိုအစွမ်းကုန်ရှောင်ကြဉ်မည်ဖြစ်သည်၊ ပြောင်းလဲနေသောစနစ်များအတွင်းစစ်ရေးနိုင်ငံရေးစီးပွားရေးပြိုင်ဆိုင်မှုကျူးကျော်ရန်စမှုခုခံတော်လှန်မှုများကိုဖြစ်စဉ်ပကတိ အတိုင်းသာ မှတ်တမ်းတင်မည်ဖြစ်သည်၊ မြန်မာပြည်သည် လူမျိုးပေါင်းစုံနေထိုင်သောတိုင်းပြည်ဖြစ်သည်။လူမျိုးတိုင်း၌ သီးခြား သမိုင်းသီးခြားဘာသာစကားယဉ်ကျေးမှု ကိုးကွယ်ယုံကြည်မှုများ ကိုယ်စီရှိကြသည်၊ သမိုင်းတလျှောက် လူမျိုးခြင်း ပေါင်းစည်းခြင်းပဋိပက္ခ ဖြစ်ခြင်းများသည် ဓမ္မတာပင်ဖြစ်သည်။လူမျိုးတမျိုးအား ရိုင်းစိုင်းသော ပုန်ကန်သောလူမျိုးတမျိုးအဖြစ်ရေးသားဖေါ်ပြချက်မျိုးသည် လက်ခံကြိုဆိုနိုင်ဘွယ်ရာမရှိပါ၊ မြန်မာပြည်တွင် သမိုင်းရေးသာသူများသည် လူမျိုးအားလုံး၏သမိုင်းဖြစ်စဉ်ကို လေးစားလျှက်စနစ်တကျရေးသား မှတ်တမ်း တင်သင့်ပါသည်။လူမျိုးများအထွင်းတိုးတက်ဖွံ့ဖြိုးမှု မတူညီခြင်းဖြင့်အချို့လူမျိုးတို့သည်စာပေနှင့်သမိုင်းဆိုင်ရာကိစ္စများကိုဆောင်ရွက်နိုင်ခြင်းမရှိသေးပါ၊မြန်မာပြည်သမိုင်းသည် လူမျိုးစုံသမိုင်းဖြစ်နေရာလူမျိုးတိုင်းမိမိတို့အမျိုးသားသမိုင်းဖေါ်ထုတ်ရေးကိစ္စများဆေါင်ရွက်နိုင်ရေးအတွက်တတိယခြေလှမ်းအဖြစ်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်။

"လွတ်လပ်သောကရင်သမိုင်းသုတေသနအသင်း" သည်ကရင်လူ့အဖွဲ့အစည်းအတွင်း လေ့လာဖေါ်ထုတ်တွေ့ရှိချက် များကို တမျိုးသာလုံးက ဖြည့် စွက်ခြင်းပယ်ဖျက်ဖြက်ခြင်း အကြံပြုခြင်းများ ကိုကျယ်ကျယ်

# မြန်မာသက္ကရာဇ်

# နှင့်

# ခရစ်သက္ကရာဇ်ရေးမှတ်နည်းများ

မြန်မာသက္ကရာဇ်နှင့်ခရာစ်သက္ကရာဇ်သည်နှစ်ပေါင်း(၆၃၈) နှစ်ကွာခြားသဖြင့် မြန်မာသက္ကရာဇ်ရေးမှတ်ခြင်းသည်အတော်အတန် နောက်ကျသည်ဟုယူဆစရာရှိသည်၊ စင်စစ် မြန်မာသက္ကရာဇ်သည်ဗုဒ္ဓမပွင့်မှီ နှစ်များ ကပင်ရေတွက်မှုများရှိခဲ့ကြောင်းရေးသား ဖေါ်ပြကြသည်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီး နောက်သာသနာသက္ကရာဇ်ကိုအစဉ်အတိုင်းရေတွက်မှုများ ရှိခဲ့သော်လည်း သရေ ခေတ္တရာခေတ် သုမုန္ဒရီမင်းနှင့်ပုဂံခေတ်ပုပ္ပါးစောရဟန်မင်းလက်ထက်တွင်သက္ကရာဇ်(၂)ကြိမ်ဖြိုခဲ့ခြင်းကြောင့်သာသနာသက္ကရာဇ်(မြန်မာသက္ကရာဇ်) နှင့်ခရာဇ်သက္ကရာဇ်တို့ကွာခြားနေခြင်းဖြစ်သည်။

သမိုင်းဆရာတိုဖေါ်ပြချက်အရမြန်မာသက္ကရာဇ်(၃)မျိုးရှိသည်၎င်းတို့မှာ(၁)မဟာသက္ကရာဇ် (၂)သာသာသနာသက္ကရာဇ်(၃)မြန်မာသက္ကရဇ်(သို့)ကောဇာသက္ကရာဇ်များဖြစ်သည်။

<u>မဟာသက္ကရာဇ်</u>။ ကမ္ဘာဦးသက္ကရာဇ်ကို(၂)ကြိမ်ဖြိုပြီး နောက်ရေတွက်လာရာသက္ကရာဇ်၈၆၄၇ခုနှစ်သို့ရောက်သော် ဘုရားအလောင်းသိဒ္ဓတ္ထမင်း၏ဘိုးတော်အဥ္စနမင်းကြီး နှင့် သီဟနုမင်းကြီးတို့ တိုင်ပင်၍ သက္ကရာဇ်၈၆၄၇ ခုကိုဖြိုပြီးအကြွင်း(၂)ခုထားလေသည် ထိုနှစ်ခုမှစတင်ရေတွက်သောသက္ကရာဇ်ကိုမဟာသက္ကရာဇ်ဟုခေါ်သည်(ဘီစီ-၆၉၂)မဟာသက္ကရဇ်၆၈ခုနှစ်တွင်ဗုဒ္ဓဖွားတော်မူသည်သက္ကရာဇ်၊၁၄၈ခုနှစ်တွင်ပရိနိဗ္ဗန်စံသည်။

<u>သာသနာသက္ကရာဇ်</u>။ မြတ်စွာဘုရားပရိနိဗ္ဗန်စံပြီးနောက် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ် မင်းကြီးနှင့် အရှင်မဟာကဿပကြီးတို့ တိုင်ပင်၍ သာသနာ သက္ကရာဇ်နှင့်မဟာသက္ကရာဇ်တညီတည်း ဖြစ်စေရန်ထိုမဟာသက္ကရာဇ်(၁၄၈) ကိုအားလုံးဖြိုပစ်သောကြောင့်မဟာသက္ကရာဇ်သည်အကြွင်းမရှိတော့ပေ၊ထိုမှစ၍ရေတွက်သောသက္ကရာဇ်ကို သာသနာသက္ကရာဇ်ဟုခေါ်သည်။

<u>ကောဇာသက္ကရာဇ်(သို့)မြန်မာသက္ကရာဇ်</u>

သာသနာသက္ကရာဇ်ကိုအစဉ်အတိုင်းရေတွက်လာရာသရေခေတ္တရာပြည် ပျူလူမျိုးတို့လက်ထက်သာသနာသက္ကရာဇ် ၆၂၄ခုသို့ရောက်ခဲ့သည်၊ ထိုအခါပျူဘုရင်သုမုန္ဒရီမင်းကြီးသည်ထိုသာသနာသက္ကရာဇ်(၆၂၄) ကိုဖြိုပြီးအကြွင်း(၂)ခုထားလေသည်၎င်းမှစတင်ရေတွက်သောသက္ကရာဇ်ကိုသရေခေတ္တရာပျူသက္ကရာဇ်ဟုခေါ်သည်၊ ထိုသက္ကရာဇ်ကိုအစဉ်အတိုင်းရေတွက်ရာပုဂံခေတ်ပုပ္ပါးစောရဟန်မင်းလက်ထက် ပျူသက္ကရာဇ်၅၆၂ခုသို့ရောက်လာသည်၊ပုဂံပုပ္ပါးစောရဟန်းမင်းကြီးသည်သက္ကရဇ်၅၆၂ခုကိုဖြိုပြီးအကြွင်း၂ခုထားခဲ့သည်၊ ၎င်းမှစတင်ရေတွက်သော သက္ကရာဇ်ကိုကောဇာသက္ကရာဇ် (သို့) မြန်မာသက္ကရာဇ်ဟုခေါ်သည်၊မြန်မာသက္ကရာဇ်သည် ယခုအခါ၁၃၅၅ခုသို့ရောက်ပြီးဖြစ်သည်သာသနာသက္ကရာဇ်ကို သိလိုလျှင် ပျူမင်းသုမုန္ဒရီ ဖြိုသောသက္ကရဇ်၆၂၂။ ပုဂံပုပ္ပါးစောရဟန်၊ ဖြိုသောသက္ကရာဇ် ၅၆၀ကိုပေါင်းပြီး ယခုရှိနေသောမြန်မာသက္ကရာဇ်နှင့်ပေါင်းလျှင်သာသနာသက္ကရာဇ်ရသည်၊ မြန်မာသက္ကရာဇ်နှင့် သာသနာသက္ကရာဇ် (၁၁၈၂)ခုကွာသည်။

<u>ခရစ်သက္ကရာဇ်</u>

ကမ္ဘာပေါ်ရှိလူမျိုးများနှင့်နိုင်ငံအသီးသီးကပြက္ခဒိန်အမျိုးအမျိုးအပြိုင်အဆိုင်အသုံးပြုလျက်ရှိကြသည်၊ ခရစ်သက္ကရာဇ်သည်ခရစ်တော်မွေးဖွားပြီးသောနှစ်ကိုအခြေခံ၍ ပတ်မှတ်ရေတွက်ခြင်းဖြစ်သည်နောင်တွင်ပုပ်ရဟန်းမင်းကြီး ဂရေဂေါ်ရီကသက္ကရဇ်၁၅၈၂ခုနှစ်တွင် ကမ္ဘာရာသီဥတုနှင့်ကိုက်ညီအောင်ပြင်ဆင်ထားလေသည်၊ခရစ်သက္ကရာဇ်သည် နှစ်ပေါင်း၁၉၉၃ ခုနှစ်သာရှိသေးရာထိုခုနှစ်မတိုင်မှီသမိုင်း

စာမျက်နှာ [၁၁]၊သို့

စာမျက်နှာ( [၁] )မှ

ပြန်ပြန်လုပ်နိုင်ရေးအတွက်ကရင်အမျိုးသားသုတေသနစာစောင်ကို ထုတ်ဝေသွားမည်ဖြစ်သည်၊ကရင်အမျိုးသားခေါင်ဆောင်များထူးချွန်သော ကရင်အမျိုးသားအမျိုးသမီးများအကြောင်း ကိုလည်း မှတ်တမ်းတင်ခြင်း ပုဂ္ဂိုလ်ရေးအထုပတ္တိများကိုရေးသားထုတ်ဝေသွားမည်ဖြစ်သည်၊ရှေ့မှီနောက်မှီပုဂ္ဂိုလ်များကိုလည်းနုတ်မေးမှတ်တမ်းပြုသွားမည်ဖြစ်သည်။ ကျွှံ သုတေသနလုပ်ငန်း အကောင် အထည်ဖေါ်ဆောင်ရွက်နိုင်ရေးအတွက်တမျိုးသားလုံးကပူးပေါင်းခြင်းကူညီခြင်းပြုမည်အကြောင်း အနူးအညွတ်ဖိတ်ခေါ်လိုပါသည်။

"လွတ်လပ်သောကရင်သမိုင်းသုတေသနသင်း"

# ပါဒနိုင်ငံတော်နှင့်ရှေးခေတ်ကရင်ဘုရင်များ

ကရင်လူမျိုးများကိုမြန်မာပြည်၏ရှိရင်းစွဲလူမျိုးတမျိုးအဖြစ်ပြည်တော်သာမောင်ထွန်းရီပြုစုသော"ပါဒနိုင်ငံတော်သမိုင်း" တွင်ရေးသားထား သည်ကိုတွေ့ရသည်။ ပြုစုသူမှာ ပါဒဇာတိဖြစ်ပြီး ယိုးဒယားသမိုင်း (၈) အုပ် အပါအဝင်သမိုင်းကျမ်းစာအုပ်ပေါင်း (၆၂) အုပ်ကိုကိုးကားပြီး ပါဒနိုင်ငံတော် ရာဇဝင်သမိုင်းကို၁၉၅၆ခုဇွန်လ (၂၃)ရက်နေ့စွဲ ဖြင့်ထုတ်ဝေခဲ့သည်။ ထုတ်ဝေသည့် နေ့စွဲအတိအကျမှာ ၁၃၁၈ခုနယုန်လပြည့်ကျော်၄ရက်ဗုဒ္ဓဟူးနေ့သာသနာသက္ကရာဇ် ၂၅၀၀ခုနှစ်ဖြစ်သည်။ နှစ်ပေါင်း ၂၃၀၀ ရာကျော်ပျောက်ဆုံးနေသော ပါဒနိုင်ငံတော်သမိုင်းအခန်း(၁)တွင် လွန်ခဲ့သော နှစ်ပေါင်းတသောင်းခန့် ကမစ္ဆိမတိုင်း ကောလိယ မင်းတို့ တိုင်းသစ် ပြည်သစ်မတည်ထောင်မီ မြန်မာနိုင်ငံတော်တွင် ကရီလူမျိုး တမျိုးတည်ရှိခဲ့သည်။ထိုကရီလူမျိုးတို့သည်အလွန်ရိုင်းသောတောကြီးသားများဖြစ်၍ သံကြေးစသော သတ္တုတို့ကို အရည်ကျိုကာ လက်နက်ကရိယာအဖြစ် အသုံးမပြုတတ်သေးဘဲ ကျောက်တုံးကျောက်ခဲတိုကို လက်နက်သဖွယ်အသုံးပြုကာ အလွန်နက်ရှိုင်းသော တောကြီး တောင်ကြီးများ အတွင်း၌ သားရဲတရိစ္ဆာန်တို့နှင့် သူတပြန် ငါတပြန် တိုက်ခိုက်ဖမ်းဆီးလျက် အမဲလိုက်ခြင်းဖြင့် အသက်မွေးနေထိုင်ကြသည်။ထိုခေတ်ကိုကရီလူမျိုးတို့၏ ကျောက်ခေတ်ဟု ခေါ်သည်၊မြန်မာပြည် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိနေသောတောင်ကြီး (၃) ခုရှိလေသည်။ ထိုတောင်တန်းများသည်ဟိမဝန္တာ၏ မြောက်ဘက်တောင်ခြေ မှတောင်ဘက်သို့သွယ်တန်းလျှက်မြန်မာပြည်တွင်းသို့ဝင်လာသော အနောက်ရခိုင်ရိုးမ၊အလယ်ပဲခူးရိုးမ၊အရှေ့ရိုးမတောင်းတန်းကြီးများဖြစ်လာလေသည်။ထိုတောင်တန်းကြီးများအကြား၌ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့ဆုံရာ အရပ်၌မြေပြန့်ကမ်းခြေဒေသ ကြီးများဖြစ်ပေါ် ပြီးတည်ရှိသဖြင့် ကရီလူမျိုးတို့သည်၊ ထိုဒေသ တွင်အုပ်စုဖွဲ့ကာ ကျောက်လှုံကျောက်ဒါး ကျောက်တင်းပုတ်များဖြင့် အမဲသားငါးတို့ကိုဖမ်းဆီးစားသောက်ခါတနေရာတွင် အမြဲမနေဘဲတနေရာမှ တနေရာသို့ လှည့်လည်ကျက်စားလျက်ရှိသည်ဟုဖော်ပြ ထားလေသည်။ ထိုကရီလူမျိုးတိုနောက် မရှေးမနှောင်တွင် ခနု တောင်သူ နိဂရိတိုလူ မျိုး(၃)မျိုးပေါ်လာသည်၊

ထိုလူမျိုးတို့သည်သားရဲတိရစ္ဆာန်တို့နှင့် ဟိုက်ခိုတ်ကာဂူကျောက်ခေါင်းကြီးများအတွင်း၌ပုန်းအောင်းနေထိုင်ကြသည်၊ ထိုလူသားများသည်၊လူရိုင်းများအဖြစ်နှစ်ပေါင်း ၂၀၀၀ ခန့်နေလာခဲ့ရာမှ အတော်အသင့် ယဉ်ကျေးလျှက်ကျောက်လက်နက်ကိုအသုံးပြုသောခေတ်မှကြေးသံသတ္တုတို့ကို့လက်နက် အဖြစ်အသုံးပြုသော သံခေတ်သို့ရောက်လာချိန်တွင်မိသားစုများစုပေါင်း၍ စစ်တောင်းမြစ်ဝှမ်းတာဝ်ကံ၌မြို့ရွာတည်ထောင်၍နေထိုင်ကြသည်။ထိုဒေသကိုကရင်မွန်ယိုးဒယားတို့က"ကရေ္တကတိုင်း"ဟုအမည်ပေထားသည်။ ထိုသူတို့သည်မြန်မာပြည်တွင်ရှေးဦးဆုံး ရောက်လာသောတိုင်းရင်းသားများဖြစ်ကြသည်။မြန်မာပြည်တွင်ထိုလူမျိုးများလူရိုင်းဘဝမှတဖြည်းဖြည်းယဉ်ကျေးစပြုသောအချိန်သည် မစ္ဆိမတိုင်းတွင်ကောလီယမင်းဆက်တို့ တိုင်းပြည်တည်ထောင်၍

ဘိုးတော်အဥ္စနမင်းကြီးနှင့်သီဟနမင်းကြီလက်ထက် မဟာ သက္ကရာဇ် "၅၄" ခုနှစ်လောက်က ဖြစ်သည်ဟု နန်ချို တရုပ်ရာဇဝင်က• ရေးထားသည်၊ ဘီစီ (၆၃၈) ခုနှစ်လောက်ကဖြစ်သည်။ ကရီ လူမျိုးတို့မှ ကရင် ဖြစ်ကြောင်းယိုးဒယား "ဆုခွန်ထိုင်း" ရာဇဝင်က ရေးသားထားသည်၊ ၎င်းကရီခေါ် ကရင်တို့သည် တရုပ်ယိုးဒယား မြန်မာပြည် တို့တွင် နေထိုင်လျက်ရှိကြောင်း ကရင်များကိုမွန်တို့ကတိုက်ထုတ်၍ မြို့ရွာတည်ထောင် ကြောင်းထိုသမိုင်းကဆိုထားသည်၊' ပါဒနိုင်ငံတော်ရာဇဝင် သမိုင်းတွင် တရုပ်ပြည် အလယ်ပိုင်း ကုန်းပြင်မြင့်ပေါ်မှ မွန်ဂိုလူမျိုးနှင့်ခမာခေါ်ခမင်လူမျိုးတိုသည်သံလွင်မြစ်နှင့် မဲခေါင်မြစ်တလျောက် စုန်ဆင်းလာကာ မြန်မာပြည်တွင်း သို့ဝင်ရောက်ခဲ့ကြလေသည်ဟုတင်ပြထားသည်။

မွန်လူမျိုးတိုသည်တိုင်းရင်းသားတို့၏ခုခံတိုက်ခိုက်မှုကို တွန်းလှန်ရန် အုပ်စုများစုပေါင်းပြီး "စေါဖင်းညဲ" ဆိုသူအားခေါင်းဆောင်တင်မြောက်လိုက်သည်။
ထိုအချိန်မှစပြီးမွန်တို့တွင် အကြီးအကဲများပေါ်ပေါက်လာလေသည်။မြန်မာပြည်တွင်းဝင်ရောက်လာသောခမင်လူမျိုးတို့သည်အရှေ့တောင်ဘက်သို့သွား၍ကမ္ဘောဒီးယားခေါ်ခမင်တိုင်းပြည်ကိုတည်ထောင်လိုက်သည်။ "စောဖင်းညဲ" ခေါင်းဆောင်သော မွန်လူမျိုး တို့သည် ရှိရင်းစွဲ ခနုတောင်သူကရီတို့ကို တိုက်ထုတ်၍ မဟာသက္ကရာဇ်"၉၈" ခုနှစ် (ဘီစီ၅၉၄)ဘုရားမပွင့်မီနှစ်ပေါင်း (၅၀)ခန့်တွင်စစ်တောင်းမြစ်ဝ ၌ သုဝဏ္ဏဘုံမိခေါ် သထုံပြည်ကို စတင်တည်ထောင်လိုက်သည်၊ ခေါင်းဆောင်ကြီးစေါဖင်းညဲအား တိဿဓမ္မ ဟူသော ဘွဲ့ဖြင့် မင်းမြှောက်လိုက်သည်။ တိဿဓမ္မရာဇါခေါ်စောဖင်းညဲနန်းစံ(၃)နှစ်မြောက် မဟာ

သက္ကရာဇ်“၁၀၁”ခုနှစ်တွင် သားတော်များ ဖြစ်သော တိဿဘောဂသေန၊ တိဿနာဂသေန၊ တိဿနရသီဟနှင့် သမီးတော်စောနန်း တို့အားသထုံပြည် အနောက်မြောက်ဖက်အရပ်တွင်ရှိသော လူသူတို့ကိုစုရုံး၍ တိုင်းသစ်ပြည် ထူထောင်ကြရန်နောက်ပါ လူသူ၃၀၀၀ကျော်နှင့်အတူစေလွှတ်လိုက်လေသည်၊ မင်းသားညီနောင် သုံးပါး လည်း ကဝိစိန္တာအမတ်ကိုခေါ်ကာပဲခူးရိုးမအစွန်းတောကြီးကိုဖြတ်လျက် ကရင်လူမျိုးတို့ကိုလမ်းပြအဖြစ် အသုံးပြုခဲ့သည်။ ကွင်ပြင်း နေရာတွေ့ တိုင်းလူပေါင်းတရာစီနှင့် မြို့ငယ် ၃၈၊ မြို့ကိုတည်ထောင်တိုးချဲ့ခဲ့သည်နောင်တွင်ပါဒနိုင်ငံတော်၏နယ်နိမိတ်မြို့များဖြစ်လာသည်။

မင်းသားသုံးပါးမြို့ပြတည်ထောင်လာခဲ့ကြရာ ပါဒကြီးခေါ်သော တောကြီးသို့ရောက်သောအခါမြေပြန့်လည်းဖြစ်ကမ်ခြေ လည်းနီးစပ်သော နေရာတခုကိုမွန်နှင့် ကရင်လမ်းပြတို့အားရှာဖွေစေလေသည်၊ ထိုသို့ရှာဖွေစဉ် ကရဏ္ဏကအရှင်ရသေ့ညွှန်ပြမှုဖြင့်ယွှဒကြီးရွာ၏အနောက်ဘက်ရေးကလွတ်တော်ကုန်းနောက်သိမ်းကုန်းယွှကျောင်းကုန် ခေါ်သံလျင်နှင့် ကျောက် ဘန်းသွားသော ကားလမ်းကိုခွ၍ ပါဒကြီးရွာဘက်ခပ်များများကုန်းမြင့်ဝန်းရံလျက်ရှိသော နေရာကိုဗဟို ပြု၍မြောက်တယူဇနာ[သံလျင်ခေါ်တည်ငြင်မြို့] ယွှင် က အထရံမြို့ အထိရှင်းတောင်သို့ တတိုင်ခန့်(ယွှကျောက်တန်းမြို့ခေါ်ယွှင်ဂွမ်းမြို့) အထိရှင်းအရှေ့သို့တယူ တယူဇနာခန့်သုံးဂွခေါ်ယွှင်ဒုံသတိုင်မြို့အထိရှင်းအနောက်သို့ ယူဇနာဝက် (ယွှသီလဝါခေါ်ဒုံဆိပ်ပြုမြို့) အထိရှင်း ပိုင်းခြား သတ်မှတ်တော်မူလျက် မြို့တော် နယ်နိမိတ်ကို သတ်မှတ်လေသည်။

ထိုနောက် ကရဏ္ဏက အရှင်ရသေ့နှင့် ကဝိစိန္တာ အမတ်ကြီးတို့ အစီအမံနှင့် မြေကျောက်မြို့ရိုးများ၊တံခါးမုခ်တံခါး ငယ် ပစ္စင် ဖြဲတိုက် မုဒ် လွှတ်ရုံးမကျန်နန်း တော်အင်္ဂါ အဖြာဖြာနှင့် ပြည့်စုံစေရန်ပြုလုပ်တော်မူကာ၊နာမတော်စောနန်းကို (လိတ်မွတ်စောနန်း) အမည်ဖြင့် မိဘုရားခေါင်းကြီးမြှောက်၍မဟာသက္ကရာဇ် ၉၈ ခုသီတင်းကျွတ်လဆန်း (၈)ရက် စနေနေ့ တွင် ဘောဂသေန တိဿသီဟဒီ ပမ္မရာဇာ ဘွဲ့တော်တံဆိပ် ဖြင့် ပါဒကျွန်းကိုသိမ်းပိုက်စံမြန်း စိုးစံတော်မူသည်။

ပါဒနိုင်ငံ ထူထောင်ပြီးနှစ်ပေါင်း ၁၄၆ လွန်ပြီး သာသနာသက္ကရာဇ် (၉၆) ခုနှစ်တွင်နိုင်ငံတော်တွင်းပြင်ရှိ မွန်၊ ကရင်၊ ဆလုံ၊ ရှမ်းစသော လူမျိုးတို့ကို အကြီးအမှူး တဦးစီရွေးကောက် လျက်ခန့်ခွဲအုပ်ချုပ်စေကာရပ်ကွက်အသီးသီး ပြုစု ချထားလေသည်၊ ကရင် နေထိုင် သောအရပ်ကို ဖေါ်ပြရာ တွင် မြို့တော်၊ ကျုံးရိုး၊ အနောက်ဖက်နှင့်မြောက်ဖက်တဝိုက်ရှိ၊ကြာကန်ဒိတ်၊ရွှေပျောက်ကျိုက်ကမော၊ အဒွတ်တော၊စသောရပ်ကွက်တို့တွင် အရှေ့ဘက်မှ (၁၅)အုပ်စုအနောက်ဖက်(၁၅)အုပ်စုကရင်မင်းကြီးတဦးခန့်ထားအုပ်ချုပ်လေသည်။လယ်ပယ်များလည်း ချီးမြှင့်လေ

သည်၊ယွှကျိုက်ကမော့ ဘုရားမှာရှေးကရင်ခေါင်းဆောင်ကြီးများ အဆက်ဆက် ဘုရင်မင်းမြတ် တို့နှင့် တိုင်ပင်၍ တည်ထောင်သောဘုရားဖြစ်လေသည်။

ပါဒနိုင်ငံတော်ကိုသံလျင်မင်းဆက်(၆)ဆက်အပါအဝင်မင်းဆက်ပေါင်း (၄၀)ရှိကြောင်းမွန်ရာဇဝင်တွင်အခိုင်အလုံဆုံး၊ယိုးဒယား၊မွန်မြန်မာ၊ရာဇဝင်ဆရာများယူဆထားသော နခွန်ပထုံ နှင့် သုဝဏ္ဏဘုံ၊ ရာဇဝင်ကြီးတွင်ဖေါ်ပြထားသည်၊ ပါဒသံလျင်မင်းဆက်(၄၀)အနက်ပါဒခြောက်ဆက်မြောက် သုခမုခ နန်းစောရှင်မင်း နတ်ရွာ စံသော် သက်တော် (၃၀)ရှိသားတော်ဇယသေနမင်းသား၊သည်သာသနာသက္ကရာဇ် (၇၇) ခုနှစ်တွင် ပါဒ နေပြည်တော်နန်းဆက်ခံသည်၊ ထိုမင်းတွင် ကရင်လူမျိုးတောင်သူကြီးဖိုးကလိုင်စါ၊ မိနန်ကလိုင်တို့၏သမီး၊ သမီးကြီး မိတနော်နှင့် အငယ်မိတန္တဲ(၂)ပါး ၊မွန်ဂွမ်း၊မြို့ဝန်(ယွှကျောက်တန်းမြို့)သမီးနင်းကေသရီ၊ ပေါင်းမိဘုရားသုံးပါးရှိလေသည်။

နောင်တွင် ယိုးဒယားဘုရင်က သမီးတော် ဆွဏ္ဏ ဒေဝ (သုဝဏ္ဏဒေဝီ) ကိုသဘော်ဂုစင်း နှင့်ကျောက်သံပတ္တမြားအပြည့် တင်ဆက်လါသဖြင့် သုဝဏ္ဏမဟာရာဇာ အမည်နှင့်မိဘုရားကြီးအရာမြှောက်လေသည်၊ မိတနော် တွင် ရာဇောဒကမင်းသား၊ မိတန္တဲတွင်နော် ဒွေးမယ်မင်းသမီး၊မွန်မိဘုရားနင်းကေသရီတွင်၊ နရကျော်မင်းသား၊ ယိုးဒယားမင်းသမီး ၊သုဝဏ္ဏမဟာရာဇာဒေဝီ တွင် ဟံသာသေနမင်းသား ၊စုစုပေါင်းမင်းသား(၃)ပါးနှင့်သမီးတော်တပါးပေါင်း (၄)ပါးရှိသည်၊

မဟာသက္ကရာဇ်(၉၈)ခုမှသာသနာသက္ကရာဇ်(၇၀၁)ခုနှစ်ထိအုပ်ချုပ်သောမင်းများအနက်တိဿဘောဂမင်းမှ ဇယသေနမင်းဆက် (၇) ဆက် နန်းသက် (၁၇၂) ခုနှစ်တိုင် ပါဒနိုင်ငံတော် ကိုစိုးပိုင်သော ဘုရင်များသည် ဘုန်းတံခိုးအာဏာကြီးမားကျယ်ပြန့်သည်၊ အရှေ့ဘက်ဟံသာဝတီမော်လမြိုင် ရေး ဘိတ်ထားဝယ်တို့သို့၎င်းအနောက်ဘက် ဒလ၊တွံတေး၊မြောင်းမြ၊ပုသိမ်၊တို့သို့၎င်းအနောက်မော်တင်စွန်းမှအရှေ့မုတ္တမ၊ယိုးဒယားပြည်ထိတန်ခိုးပြန့်နှံ့လေသည် ထိုမင်းများသည် ဘုရား ပုထိုးများ တည်၍ သာသနာ အကျိုး တိုင်းပြည် လူမျိုး အကျိုး ကို ဆောင်ရွက်ပုံကို ခန့်မှန်းသိရှိနိုင်သည်။

ပါဒ(၃၄)ဆက်အနက်၊မင်းဆက်(၇)ဆက် သာသနာနှင့် တိုင်းပြည် ကြီးပွား တိုးတက် ကြောင်း ကိုဆောင်ရွက်ကြလေသည်၊ ကျန်မင်း (၂၇) ဆက်မှာညီအစ်ကိုခြင်းသားအဖခြင်း တူဝရီးခြင်း တိုက်ခိုက် အနိုင် ယူခြင်းဖြင့်သာအချိန်ကုန်ခဲ့လေသည်၊ ၎င်းပြင် မွန်မင်းသား ကရင်မင်းသား ရှမ်းမင်းသားများ မညီမညွတ် အစိပ်စိပ်ပြိုကွဲ၍ နိုင်ငံတော်ကြီးတဖြည်းဖြည်းတိမ်းပါးလာလေသည်။

သာသနာသက္ကရာဇ်၆၂၂ခုသရေခေတ္တရာမင်း

သုမုဒ္ဒရီမင်းလက်ထက်(၇၈)၊အေဒီ၊တွင်ပျူသက္ကရာဇ်ကိုဖြို ပြီးအကြွင်း၊ (၂)ခုတွင်ပါဒမင်း (၃၀) မြောက် စောဖုန်း ကြွယ်မင်းသည်ပျက်စီးနေသောပါဒနိုင်ငံတော်ကိုပြန်လည် စည်းရုံးရန်ကြိုးစားလေသည်၊ သူတလူငါတမင်းဖြစ်သော သားများကြောင့်ခရီးမရောက်ခဲ့ပေ။

မြန်မာသက္ကရာဇ်(၁၈) ခုနှစ်၊ သာသနာသက္ကရာဇ် (၁၂၀၀)(၅၃၈)အေဒီရောက်သောအခါ ပါဒနေပြည်တော်အ ရှေ့ဘက်ယွှသုံးခွနယ်အပါအဝင် ဘုရားကြီးရွာသားမောင် သံလျင်အမည်ရှိသောလူငယ်တဦးသည် တရား မဲ့သောပါ ဒ၊(၃၄)ဆက်မြောက်နရိန္ဒရာဇာမင်းကိုသတ်ပြီး၊သံလျင်ကို သွားကာ"၊စောလီလတ်ရဲ"ဟူသောအမည်ဖြင့်မင်းပြုလေ သည်။စောလီလတ်ရဲကို၊ဒလသားမောင်ဒီ၊ဆိုသူကရင်အမျိုး သားတဦးက ဝင်ရောက် တိုက်ခိုက်သတ်ဖြတ် ပြီးမြန်မာ သက္ကရာဇ်(၅၃)ခုတွင်မင်းပြုလေသည်။မောင်ဒီကိုသက္ကရာဇ် (၇၄) ခုတွင် မွန် လူမျိုးထမလောက် အမတ် ပုန်ကန်ပြီး ဓမ္မလောကရာဇာအမည်နှင့်နန်းတက်လေသည်။ထမလောက် မင်းကိုမောင်ဒီ၏သား မဏိရွှတ်ပိအမည်ရှိသောမင်းသား ကတိုက်ခိုက်ပြီးနန်းတက်လေသည်။

မြန်မာသက္ကရာဇ်(၈၂)ခုနှစ် မဏိရွှတ်ပိ မင်းသား သည်ဗညားမဏိရွှတ်ပိ အမည်ဖြင့်သံလျင် တွင်နန်းတက် လေသည်။ (မဏိ=ပတ္တမြား၊ရွှတ်=ရတနာ၊ပိ=သုံး)ရတနာ သုံးခုရှိမင်း(သို့)ရတနာ၃ပါးမြဲသောမင်းဟူ၏။ထိုမင်းသည် ကျိုက်သာလွန်ပွန်၊ ကျိုက်မွေမနိတ်၊ ကျိုက်သလိုင်မာ၊ ကျိုက်သလွဲအိမ် ၊ကျိုက်မူနော် ၊ကျိုက်ပုပွက ၊ ကျိုက်ခပိ ကျိုက် ဂဝံဂေ၊စသောဘု ရားစေတီတို့ကို တည်ထားသည် ဗညားမဏိရွှတ်ပိ၊ နန်းစံ၃၅နှစ် တွင်နာ၍လွန်သည်။

မဏိရွှတ်ပိ၏သားတော်သီဟရာဇာမင်းသက္ကရာဇ် ၁၁၇ခု နှစ်တွင်နန်းတက် သည်၊ ထိုမင်းသည် အမျက် စောင်းမှန် ကြီး အစားကြူးသည်၊ ရက်စက် ကြမ်းကြုတ် သည်ထို ကြောင့်ပြည်သူတိုမခံနိုင်၍ညီတော် ဇေယျသေနမင်းသား အားမင်းပြုရန်ခွင့်တောင်းသဖြင့် သက္ကရာဇ်၁၂၇ခုနှစ်တွင် နောင်တော်ကို ဖမ်း၍နန်းချသည်။ ဇေယျသေနမင်းသည် သက္ကရာဇ်၁၂၇ခု နှစ်တွင်နန်းတက် ပြီးတွံတေး(တုံစလင်) ကြခတ်ဝါးရုံ၊ မြို့မှ ကရင် အမျိုးသွီး နော်ဖေါ်တလဲကို သုဝဏ္ဏဒေဝီအမည်ဖြင့် မိဘုရားမြောက်သည်။ နော်ဖေါ် တလဲခေါ်သုဝဏ္ဏဒေဝီ မိဘုရားကြီး ပဋိသန္ဓေနေ၍ ဆယ် လစေ့သော် မဖွားနိုင်၍အနီစွရောက်သည်။ သွီးတော်အား သုဿန် တွင်ဖွား၍ ရှင်မွေးနွန်း ဟု အမည်ပေး သည်။ သုဿန်တွင်ဖွားသောကြောင့်မြို့တွင်းသို့မသွင်းဘဲ သံလျင် မြို့အနောက်ဖက် သုဿန်ကုန်း၌ တပင်တိုင်နန်း(၇) ထပ် ဆောက်ပြီးစစ်သည်ဗိုလ်ပါများနှင့်အမတ်(၇)ဦးကိုအစောင့် ချထားသည်။ဇေယျသေနမင်းနန်းစံ၄၅နှစ်မြန်မာသက္ကရာဇ် ၁၇၂ခုနှစ်တွင်နတ်ရွာစံသည်။

မောင်သံလျင်ခေါ်(စောလီလတ်ရဲ)မင်းမှဇေယျ သေနမင်း သံလျင်မင်းဆက် ပေါင်း(၆) ဆက်နန်းသက် နှစ်ပေါင်း (၁၅၄)နှစ်ဖြစ်လေ သည်။ထိုအချိန်မှစ၍ပါဒ နှင့်သံလျင် ကိုမုတ္တမဖုရင်း၊ ဟံသဝတီမှုရင်း၊ မြို့စောင့်မြို့ စားများချ ထားပြီးအုပ်ချုပ် လေသည်၊ထိုနောက် သက္ကရာဇ် (၈၀၄) ခုနှစ်ထိ နှစ်ပေါင်း(၇၂၂)ခုနှစ်၊ တိုင် မွန်တလှည့်၊ မြန်မာ တလှည့်၊ ပိုင်ဆိုင် ပြီးမြို့စား မင်းကြီးများ အုပ် ချုပ်ခါ ဘုရားစေတီများ ကိုထပ်မံပြုပြင်ခြင်း ၊အသစ် တည်ခြင်း ကိုးကွယ်ခြင်းများကိုပြုလုပ်ခဲ့ကြသည်။ပါဒနိုင်ငံတော်၌က ရင်များတည်ထားသော ဘုရားများ။ သာသနာသက္ကရာဇ် (၇၇)ခုနှစ်နန်းတက်သောပါဒ(၇) ဆက်မြောက်ဇေယသေန မင်း၏ ကရင်မိဘုရားမိတနော်တည်ထားသောကျိုက်ပြ– ဿဒ်တနော်နှင့်မိတန္တဲ တည်ထားသော၊ကျိုက်ပြဿဒ်တန္တဲ ဘုရားနှစ်ဆူရှိသည်။မော်ဝန်းကျောက်တန်းမြို့လည်ကုန်းမြင့် ပေါ်တွင်တဆူနှင့်တဆူနှစ်ဖါလုံခန့်ကွာ သည်။သံလျင်မင်း ဆက် ကရင်ဘုရင် မောင်ဒီတည်သောဘုရားများမှာဓါတ် တော် ငါးဆူဌာပနာပြု၍ ကျိုက်သာလွန်ဘုရားကိုတည်ခဲ့ သည်။ သားတော်မဏိရွှတ်ပိတည်ထားသောဘုရားများမှာ ကျိုက်သာလွန်ပွန်၊ကျိုက်မွေမနိတ်၊ကျိုက်သလိုင်မာ၊ကျိုက် ပုပွက်၊ကျိုက်ခပိ၊ကျိုက်သလွဲအိမ်၊ ကျိုက်မူနော်၊ ကျိုက်ဂဝံ ဂေစသောဘုရားများဖြစ်သည်။

ပါဒနှင့်သံလျင်မင်းဆက်(၄၀)

(၁ )တိဿဘောဂမင်း
(၂ )တိဿနရသေနမင်း
(၃ )မြစောနောင်မင်း
(၄ )ဟံသာသနမင်း
(၅ )ရာဇာစောနောင်မင်း
(၆ )သုခမုခနန်းစောရှင်[ ဗြားဂျဲ
(၇ )ဇေယျသေနမင်း
(၈ )နဂသီဟမင်း
( ၉)ရာဇာဒေဒကမင်း
(၁၀)နရကျော်မင်း
(၁၁)ဒွတ္တနာဂမင်း [ဒွတ္တဘောင် ]
(၁၂)အနုပီယမင်း
(၁၃)ဒေါမဟံမင်း
(၁၄)ကန္ဒ ဝဇ္ဇမင်း
(၁၅)ဓေါ်ရဟံမင်း
(၁၆)ဇေကာဒမင်း
(၁၇)ဇေယျကျော်မင်း
(၁၇)ဇေယျကျော်ထင်မင်း
(၁၈)အောင်ဇေယျမင်း
(၁၉)ဘိုးမင်းစောနောင်မင်း
(၂၀)ကောဒွတ်မင်း
(၂၁)ရာဇဒေဝမင်း
(၂၂)ရာဇကောဒမင်း
(၂၃)နေသူရမင်း
(၂၄)ကန္ဒ မင်း
(၂၅)နရာသဘမင်း
(၂၆)စောပုဏ္ဏမင်း
(၂၇)ညေဇလမင်း
(၂၈)စောဖျားကျော်မင်း
(၂၉)ဟနကမင်း
(၃၀)စောဘုန်းကြွယ်မင်း
(၃၁)စောစောနောင်မင်း
(၃၂)စောစလာမင်း
(၃၃)တလိုင်းမွန်မင်း
(၃၄)နရိန္ဒမင်း

သံလျင်မင်းဆက်(၆)ဆက်

(၁)မောင်သံလျင်မင်း
(၂)မောင်ဒီမင်း
(၃)ထမလောက်မင်း
(၄)ဗညားမဏိရွှတ်ပိမင်း
(၅)သီဟရာဇာမင်း
(၆) ဇေယျသေနမင်း

# ကရင်လူမျိုးနှင့်မျိုးနွယ်စုများ

"ကရင်"ဟူသောအမည်သည်၊ မြန်မာများက ခေါ် ဝေါ် သုံးစွဲသောစကားဖြစ်သည်။ ကရင်လူမျိုးနှင့်ပတ်သက် ၍ မြန်မာလူမျိုးများခေါ်ဝေါ်သုံးစွဲသောစကားများမှာထွေပြား လှသည်"မွန်ကရင်""မြန်ကရင်"ဟူ၍၎င်း၊
"ကွင်းကရင်""တောင်ပေါ်ကရင်"ဟူ၍၎င်း၊
"စာဖြူကရင်""စာမဲကရင်" ဟူ၍၎င်း"အရိုင်းကရင်" "နတ်စားကရင်"ဟူ၍၎င်းခေါ်ဝေါ် ပြီး၊ တရားဝင်သုံးစွဲ သောအမည်မှာ"ပိုးကရင်" နှင့် "စကောကရင်" ဖြစ် သည်၊"ကရင်"များသည်မိမိတို့ကိုယ်ကိုအောက်ပါအတိုင်း ခေါ်သည်။အနောက်ပိုးကရင်ကင်းတို့ကို"ဖလုံး"ဟုခေါ် သည်။ အရှေ့ပိုးကရင်ကင်တို့ကို"ဖလုံ"ဟု ခေါ်သည်။ အရှေ့ပိုးကရင်နှင့် အနောက်ပိုးကရင် စကား သည် သံ နိမ့်သံမြင့်လေယူလေသိမ်းကွာခြားသည်။စကော ကရင်မှာ ၎င်းတို့ကို"ကညော"ဟူ၍၎င်း"ပှာကညော" ဟူ၍၎င်း ခေါ်သည်။"လူ"ဟူ၍အဓိပ္ပါယ်ရသည်။"ပိုးကရင်""စ ကောကရင်"အချင်းချင်းတွေ့ဆုံလျှင်မျိုးနွယ်ကိုသိလိုလျှင် အနောက်ပိုးကရင်ဖြစ်လျှင်"မွတ်ထိပ်""ဖါ့ထိပ်"၊အရှေ့ ပိုးကရင်ဖြစ်လျှင်"မိုထိုက်""ဖါထိုက်" စကောကရင်ဖြစ် လျှင်"မိုထိ""ပါထိ"စသည်မေးမြန်းပြောဆို လေ့ရှိကြ သည်။"မွတ်မိုမိုး"မှာမိခင်မျိုးနွယ်ဖြစ် ပြီး"ဖါ့ဖါပါ" မှာဘခင်မျိုးနွယ်ဖြစ်သည်။ကရင်အချင်းချင်းမိမျိုးနွယ်လား ဖမျိုးနွယ်လားဟူ၍ဦးစွာမေးမြန်းလေ့ရှိသည်။တခါတရံအ နောက်ပိုးကရင်များကမိမိကိုယ်ကို "ဖလုံးရှိ"ဟုခေါ်ပြီးစ ကောကရင်ကို"ဖလုံးရှမ်း"ဟုခေါ်သည်။အနောက်ပိုးကရင် မှာမိမိ ကိုယ်ကို"ဟဖလုံ"ဟု ခေါ်ပြီး စကောကရင် ကို "ရှောင်"ဟု ခေါ်သည်။ တရုပ်များက ကရင်ကို"ယန်" ဟုခေါ်သည်။ရှမ်းနှင့်ထိုင်းလူမျိုးများက"ယန်း"ဟူ၍၎င်း၊ "ကလယန်း"ဟူ၍၎င်း ၊မွန် လူမျိုးများက "ဟရီယန်" "ကရီယန်"ဟူ၍ ၎င်းခေါ်ကြသည်။ ရှေးခေတ်"မွန်" လူမျိုးများ ရောက်မ လာခင်"ကရီလူမျိုး၊ တောင်သူ လူ မျိုး၊ နီကရီတိုလူမျိုး၊"တို့ ဝင်ရောက်နေ ထိုင်ကြ ပြီးဖြစ် သည်ဟုအဆိုရှိရာ ထို"ကရီ"လူမျိုးမှာ "ကရင်လူမျိုး" ဖြစ်သည်ဟုဆိုကြသည်။

"စကောကရင်"နှင့်"ပိုးကရင်"

ကရင်မျိုးနွယ်စုများကိုမိခင်မှ ဆင်းသက်လာသောမျိုးနွယ် နှင့်ဖခင်မှဆင်းသက်သောမျိုးနွယ်စုဟူ၍(၂)စုခွဲခြား ထားသည်။"ပိုးကရင်အုပ်စု"နှင့်"စကောကရင်"အုပ်စု ဟူ၍လည်းခေါ်သည်။"မိုထိ"သို့မဟုတ်"မိမျိုးနွယ်"သို့ မဟုတ်"ပိုးကရင်"အုပ်စုတွင်"ပအို""""အရှေ့ပိုးကရင်" "အနောက်ပိုးကရင်"တို့ဖြစ်ကြသည်။"ပါထိ"သို့မဟုတ် "ဖခင်မျိုးနွယ်"သို့မဟုတ်"စကောကရင်"အုပ် စု တွင် ကရင်နီ(ကယား)ပဒေါင်၊ပကူး၊မော်နေဘွား၊ပရဲ့၊ ဘွဲကရင်၊ ကရင်ဖြူ၊ ဇယိန်၊ ယင်းဘော်၊ ယင်းနက်၊ ယင်းကြား (တိုပလေး)တို့ဖြစ်ကြသည်၊

ကရင်မျိုးနွယ်စုများ

မိမျိုးနွယ်-(၁)ပအို-(တောင်သူ)(က)နန်ခေ(ခ)တတုတ် (ဂ)ကွန်လောင်(ဃ)တန်ခန်(င)ခိုင်(၂)ပိုးကရင် (က)အရှေ့ပိုးကရင်(ပဒဲ)(ခ)အနောက်ပိုးကရင် (ဘော်ကလော်)၊


ဘခင်မျိုးနွယ်-

(၁)စကောကရင် (၂)ကရင်နီ (ကယား) (က)ယင်းတလဲ (ခ)ယင်းဘော် (ဂ)ပရဲ့(မနုမနော) (ဃ)ကဲခိုကဲဘား (၃)ပဒေါင် (၄)ပကူး (၅)မော်နီဘွား (၆)ဘွဲကရင် (၇)ကရင်ဖြူ (၈)ဇယိန် (၉)ယင်းနက် (၁၀)ယင်းကြား (တိုပလေး)တိုဖြစ်ကြသည်။



မနသသဆေဒပါရဂူဒေါက်တာလီယိုထံမှ အကြံဉာဏ်များရယူခဲ့စဉ် (ဇင်းမယ်)

၁၉၉၂-မြန်မာနိုင်ငံရှိကရင်လူမျိုးများနေထိုင်ရာဒေသများအားတိုင်းနှင့်ပြည်နယ်အလိုက်ဖော်ပြထားသောပုံ၊



၁၈၃၆ ခုနှစ်မေလ၊(၆)ရက်နေ့ မြန်မာဘုရင်ခံ၏ ကြေညာ ချက်အရ၊ကရင်မျိုးနွယ်စု(၁၁)စုရှိသည်ဟုဖော်ပြ ထားသည်။ ၎င်းတို့မှာ (၁) စကောကရင် (၂) ပိုးကရင် (၃)တောင်သူ (၄)ပကူး(၅)မော်နီဘွါး(၆)ဘွဲ (၇)ကရင်ဖြူ (၈)ပဒေါင် (၉)ဘွဲအရှေ့ (၁၀)ကဲခို (၁၁) ကဲဘား တို့ ဖြစ်ကြသည်။၁၉၆၄ခုနှစ်၁၇ကြိမ်မြောက်ပြည်ထောင်စုနေ့ တွင်၊နေဝင်းအစိုးရက၊ ကရင်မျိုးနွယ်စု (၁၂)စုရှိသည် ဟု ဖော်ပြထားသည်၊ (၁)စကောကရင် (၂)ပိုးကရင် (၃)ကဲခို (၄)ကဲဘား (၅)ပရဲ့ (၆)ပကူး (၇)ဘလချီး(၈)မော်နီဘွါး (၉)မိုဘွါး(၁၀)ကလရင်ဖြူ၊ဟူ၍အသီးသီးဖော်ပြထားသည်။ ၁၉၆၅ခုနှစ်၊ ၁၈ကြိမ်မြောက်ပြည်ထောင်စုနေ့တွင် ကရင် ပြည်နယ်ခေါင်းဆောင်များကကရင်မျိုးနွယ်စု(၁၁)စုရှိသည် ဟုဖော်ပြထားသည် ၊၎င်းတို့မှာ(၁)စကော(၂)ပိုး (၃)ကဲခို (၄)ကဲဘား (၅)ပရဲ့ (၆)ပကူး (၇)ဘလချီး (၈)ကရင်နီ (၉)မော်နီဘွါး (၁၀)မိုဘွါး (၁၁)ကရင်ဖြူဟူ၍အသီးသီး ဖော်ပြထားသည်။ ၁၉၉၂ခုနှစ်၊ ကရင်သုတေသန အဖွဲ့၏ သုတေသနပြုချက်အရ၊ကရင်မျိုးနွယ်စု(၁၆)စုရှိသော်လည်း ကယားပြည်နယ်အစိုးရက၊ ကရင်နီလူမျိုး တွင်၊ယင်းဘော် ယင်းတလဲ ၊ပရဲ့(မနုမနော)ကဲခို၊ကဲဘား၊ပဒေါင်မျိုးနွယ်စု များကိုထည့်သွင်းထားသောကြောင့်၊ကရင်မျိုးနွယ်စု(၁ .) စုဖြစ်နေသည်၊ ကရင်အမျိုးသားသုတေသနအဖွဲ့အနေနှင့် ပဒေါင်မျိုးနွယ်စု ကိုမူသီးခြားခွဲထုတ်၍ သီးခြားမျိုးနွယ်စု တစုအဖြစ်ဖော်ပြပါသည်၊ ထို့ကြောင့် ကရင်မျိုးနွယ်တွင် (၁)ပအို့ ၂)ပိုး (၃)စကော( ၄)ကရင်နီ(ယင်းတလဲ၊ယင်း ဘော်၊ပရဲ့(မနုမနော)ကဲခို၊ကဲဘား၊ )(၅)ပဒေါင် (၆)ပကူး (၇)မော်နီဘွါး (၈)ဘွဲ(၉)ကရင်ဖြူ၊(၁၀)ဇယိမ်း(၁၁)ယင်း နက်(၁၂)ယင်းကြား(သို့)တိုပလေး၊ ဟူ၍မျိုးနွယ်စု (၁၂)စု ရှိသည်။ယင်းနက်နှင့်ယင်းကြားသည်၊ရှမ်းပြည်အရှေ့မြောက် တွင်နေထိုင်၍၊ရှမ်းလူမျိုးများဖြစ်သွားကြသည်မှာမနည်းပါ။ ၎င်းတို့ကိုယ်ကို ကရင်[ယန်း] ဟုပင်ခေါ်ကြသည်။

၎င်းတို့သည် ကရင်များ နှင့်ဘာသာစကားအရသော်၎င်း ဓလေ့စရိုက်အရသော် ၎င်းလုံးဝ ခြားနားနေပြီးဖြစ်သည်၊ ကရင်မျိုးနွယ်စုများနေထိုင်ရာဒေသများ(၁)စကောကရင်– ရမည်းသင်းခရိုင်မှ၊ တောင်ဘက်မြိတ်ခရိုင်အထိ ၊တောင်ငူ ခရိုင်၊အရှေ့ဖက်နှင့် အနောက်ဖက်၊(သံတောင်၊ထန်းတပင်၊ ရွှေကျင်၊ ကျောက်ကြီး၊ ဘောဂလိ၊ လိပ်သို၊ မော်ချီး)၊ (ပဲခူးတိုင်း) သာယာဝတီ၊ပဲခူး၊ညောင်လေးပင်၊ သံတောင်၊ ယိုးဒယား နိုင်ငံ တို့တွင် ထားဝယ်ခရိုင်၊ မြိတ် ခရိုင်၊ (ဧရာဝတီတိုင်)ပုသိမ်၊မြောင်းမြ၊မအူပင်၊ဟင်္သာတ၊ ဖျာပုံ၊ခ ရိုင်တို့တွင်နေ ထိုင်ကြသည်။ (၂)ပအို့ကရင်–သံလွင်မြစ် အောက်ပိုင်းပတ်ဝန်းကျင် ဒေသနှင့် တောင်ပိုင်းရှမ်းပြည် နယ်သထုံ၊နယ်၊တို့တွင်နေထိုင်ကြသည်။တောင်ငူခရိုင်၊ပဲခူး ခရိုင်၊ ဖါးအံခရိုင်[ပအို့ရွာနှစ်ရွာရှိသည်] ကယားပြည်နယ် ကော့ကရိတ်မြို့နယ်၊ယိုးဒယားနိုင်ငံ၊ ၊မဲခေါင် မြစ်အောက်ပိုင်းဒေသတို့တွင်နေထိုင်ကြသည်။

(၃)ပိုးကရင်–မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်း ပုသိမ် ခရိုင်မြောင်းမြခရိုင်၊မအူပင်ခရိုင်၊ဟင်္သာတခရိုင်၊ ဖျာပုံခရိုင် နှင့်မွန်ပြည်နယ်သထုံခရိုင်၊မော်လမြိုင်ခရိုင်၊ကရင်ပြည်နယ် ဖါးအံမြို့နယ်၊ကော့ကရိတ်မြို့နယ်၊ဖာပွန်မြို့နယ်၊ သံတောင် မြို့နယ်နှင့် ပဲခူးတိုင်းများတွင်၎င်း ယိုးဒယားနိုင်ငံတွင်၎င်း နေထိုင်ကြသည်။ (၄)ပဒေါင်–တောင်ငူအရှေ့ဖက်ကယား ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသတို့တွင် အနှံ့ အပြားနေ ထိုင်ကြသည်၊ ပျဉ်းမနားအရှေ့ဖက် ကယား ပြည်နယ်အပါ အဝင်ပေါင်းလောင်းငယ်မြစ် တဝှမ်းရှိစတု ရန်းမိုင်(၁၅၀)မျှကျယ်သောမြေပြန့်၌လည်းနေထိုင်ကြ၏။ (၅)ကရင်နီ–ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ ကယားပြည် နယ်အဖြစ်ဖွဲ့စည်းထားသောပြည်နယ်တွင်နေထိုင်ကြသည်။ ပြည်နယ်၏အကျယ်အဝန်းမှာစတုရန်းမိုင်ပေါင်း(၄၈၂၀) ရှိသည်။ ပြည်နယ် မြောက်ဖက်တွင်ရှမ်း နယ်၏မိုးဗြဲနှင့် ကရင်ပြည်နယ်၏ သံတောင်နယ်များ၊ သထုံ မောက်မယ် ဒေသများ၊ တောင်ဘက်တွင် သံလွင်ခရိုင်အရှေ့ဘက်တွင် ယိုးဒယားနိုင်ငံတို့ရှိကြသည်။ကယားပြည်နယ်ကိုကန္တာရ– ဝတီနယ် ကြယ်ဖိုးကြီးနယ်ဘော်လခဲ နယ်နန်းမယ်ခုံနမ်၊ နောင်ပုလဲနယ်တို့ပါဝင်သည်၊ ကရင်နီလူမျိုးမှာပြည်နယ် အရှေ့ပိုင်းလွိုင်ကော်မြို့အရှေ့တောင်ဖက်ဒေသကန္တာရဝတီ သံလွင်မြစ်ကမ်းနှစ်ဖက်တို့၌၊အများဆုံးတွေ့ရသည်။


(၆)ယင်းတလဲ–ကယားပြည်နယ်ဘော်လခဲနယ်တွင်နေထိုင် သည်၊ ကယားလူမျိုးနွယ်စုတွင် ပါဝင်သည်၊ ရှေးဟောင်း လူမျိုးများမှကျန်ခဲ့သော လူမျိုးဟု အဓိပ္ပါယ်ရသည်။

(၇) ယင်းဘော်–ကရင်နီ၊ ကယား အုပ်စုတွင် ပါဝင်ပြီး တောင်ပေါ် ကရင်လူမျိုးစုတွင် ပါဝင်သည်။


ကယားပြည်နယ်ဘော်လခဲနှင့်တောင်ငူခရိုင်အရှေ့ဖက်ရှိ လိပ်သိုတောင်ပေါ်တို့၌နေထိုင်သည်။

(၈)ပရဲ့–ကယားပြည်ဘော်လခဲ၊ ကြယ်ဖိုးကြီး ရှမ်းပြည် ပိုင်၊မိုးဗြဲနယ် အနောက်ဖက် တောင်ငူခရိုင် ·အရှေ့ဖက် နှင့်မြေလတ်တောင်ဘက်စပ်ကြားရှိသော တောင်ထူထပ် သည့်ဒေသ၊စတုရန်းမိုင်(၆၀၀)အတွင်းပျံ့နှံ့နေထိုင်သည်၊ ပရဲ့တို့ကို၊ လကူးဟု လည်းခေါ်သည် ပရဲ့(၃)မျိုးရှိသည်၊ မနုမနော၊တောင်ပိုင်းပရဲ့နှင့်မြောက်ပိုင်းပရဲ့ဟူ၍ဖြစ်သည်။ မနုမနောမှာအရှေ့ဖက်တွင်နေထိုင်သည်၊ပရဲ့နှင့်ကယားတို့ မှပေါက်ဖွါးလာ သူများဖြစ်သည်။ (၉)ကဲခို၊ကဲဘား–ရှမ်း ပြည်အရှေ့ဖက် လိပ်သိုတောင်တွင်အများဆုံးတွေ့ရသည်။ (၁၀)ပကူး–ရှမ်းပြည်တောင်ပိုင်းတောင်ငူနယ် တောင်ပေါ် ဒေသတွင်နေထိုင်သည်၊မော်နီဘွါးပကူးနှင့်နီးစပ်သည်။ရှမ်း

မြန်မာပြည်ရှိကရင်အမျိုးသားများနေထိုင်သောခရိုင်များ ပုံ(ခ)



မြန်မာပြည်ရှိကရင်အမျိုးသားများနေထိုင်သောခရိုင်များ ပုံ(က)



ပြည်တောင်ပိုင်းနှင့်ကယားပြည်နယ်တွင်တွေ့ရသည်။ကရင်ဖြူများနှင့်နီးစပ်သည်။ (၁၁)မော်နီဘွား-ပကူးနှင့်နီးစပ်ပြီး ရှမ်းပြည်တောင်ပိုင်းတောင်ပေါ်ဒေသနှင့် သံတောင်ဒေသတွင်နေထိုင်သည်။(၁၂)ဘွဲကရင်-တောင်ငူခရိုင် တောင်ပေါ်ဒေသတွင်၎င်း၊ရှမ်းပြည်တောင်ပိုင်းနှင့်ကယားပြည်နယ်တွင်တွေ့ရသည်။ကရင်ဖြူများနှင့်နီးစပ်သည်။

(၁၃)ကရင်ဖြူ-တောင်ငူခရိုင် တောင်တန်း ဒေသတွင်အများဆုံးတွေ့ရသည်။မြောက်ပိုင်းရမည်းသင်းခရိုင်ရှိတောင်များတွင်၎င်း၊ အရှေ့ဖက်ကယား ပြည်နယ်ထိပျံ့နှံ့နေထိုင်သည်။၎င်းတို့သည်ဘွဲနှင့်လည်းနီး စပ်သည်၊ပေါင်းလောင်းမြစ်ဝှမ်း၊ လွယ်လုံ တွင်၎င်း၊ပျဉ်းမနား အရှေ့မြောက်ဖက်တောင်ပေါ်တွင်တွေ့ရသည်။ အသွင်အပြင်မှာ တောင်သူပအိုနှင့်ပိုတူသည်။

(၁၄)ဇယိမ်း[ခေါ] (လေးခို)-ရှမ်းပြည်တောင်ပိုင်းလွယ်လုံမြောက်ဖက်နှင့် တောင်ပိုင်း မိုးဗြဲတို့၏နီးစပ်ရာရွာပေါင်း(၂၆)ရွာ၌တွေ့ရသည်။ အချို့မှာတောင်သူတို့၏ဓလေ့ထုံးစံကိုလိုက်နာသည်။ အချို့မှာပလောင်၊တောင်သူ၊ဝ တို့နှင့်သွေးနှောဟန်ရှိသည်။ ၎င်းတို့ကိုခေါင်းတို၊ကွန်စေါင်(သို့)ဆောင်တုန်ဟုလည်းခေါ်သည်၊ ခေါင်းတိုဟုခေါ်ရခြင်းမှာခေါင်းအောက်ပိုင်းကိုချန်လှပ်ပြီး ဦးပြည်ရိပ်သောအလေ့အထရှိသောကြောင့်ဖြစ်ဟန်တူသည်။

(၁၅) ယင်းနက်-မိုးဗြဲနယ် သံလွင်မြစ် အနောက်ဘက်

တောင်တန်းများတွင်၎င်း၊အချို့မှာ ကျိုင်းတုံနယ်တွင်ပျံ့နှံ့နေထိုင်ကြသည်၊မြန်မာတို့က"ယင်း"ဟူ၍ ၎င်းရှမ်းတို့က"ယန်း"ဟူ၍၎င်းခေါ်ကြသည် ။ယန်လန်နှင့် ယန်းဆက်ဟူ၍နှစ်မျိုးရှိသည်ယန်းလန်မှာယင်းနက်၊ယန်းဆက်မှယင်းကြားဟုခေါ်သည်။ (၁၆) ယင်းကြား-ကိုတိုပလေးဟူ၍လည်းခေါ်သည်။ ရှမ်းပြည် တောင်ပိုင်းကျေးသီးမဲစံနယ်အတွင်းရှိ ကျေးလက် တောရွာ များ၌၎င်း ပင်လုံမြို့အနီးတဝိုက်ရှိကျေးရွာများ၌၎င်းနေထိုင်ကြသည်၊

ယင်းနက်နှင့် ယင်းကြားတို့သည် ကရင်များနှင့် ဘာသာစကားအရသော်၎င်း ဓလေ့ထုံးစံ အရသော်၎င်းလုံးဝခြားနားနေပြီဖြစ်သည်၊

ကရင်အမျိုးသားလူဦးရေ ၁၉၃၁ ခုနှစ်သန်းကောင်စာရင်းအရလူမျိုးဦးရေမှာ [၁၃၆၇၆၇၃] ဖြစ်သည်။၁၉၄၂ ခုနှစ်ဂျပန်ကောက်ယူသောသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်းရှိကရင်လူဦးရေသည် (၄) သန်းကျော်ရှိသည် ဟုသိရသည်။ထိုကရင်လူဦးရေ(၄)သန်းတွင်ဗုဒ္ဓဘာသာကရင်နှင့်နယ်ခြားကရင်ဝေးလံလှသောတောင်ပေါ်ဒေသ ကရင်များမပါသေးချေ။မျက်မှောက်ကာလကရင်လူဦးရေသည်၊ အနဲဆုံး [၇]သန်းမျှရှိမည်ဟုခန့်မှန်းကြသည် ထို့ကြောင့်မြန်မာနိုင်ငံ အတွင်းမှီတင်း နေထိုင်ကြသော တိုင်းရင်းသားများအနက် ကရင်လူဦးရေသည် ဒုတိယအများဆုံးဖြစ်ဖွယ်ရာရှိသည်။၁၉၅၁ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ကရင်ပြည်နယ်ကိုတိုးချဲ့ဖွဲ့စည်းခဲ့သည်သို့သော်ကရင်ပြည်နယ်၏လူဦးရေကို[၅၂၇၉၈၆]ဟုသာဖော်ပြထားသည်။ ထိုပြည်နယ်လူဦးရေအနက် ကရင်အမျိုးသား [၃၅၄၂၇၄] ဖြစ်ပြီးကျန်လူဦးရေမှာမွန်မြန်မာတောင်သူနှင့် ရှမ်းလူမျိုးများဖြစ်သည်။မြန်မာအစိုးရကသတ်မှတ်ခဲ့သောကရင်ပြည်နယ်၏လူဦးရေမှာ၊ နိုင်ငံတဝှမ်းလုံးရှိ ကရင် အမျိုးသားလူဦးရေစုစုပေါင်း၏ (၅) ရာခိုင်နှုံးသာရှိသည်ကို မှန်းဆနိုင်သည်။ မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သောသန်းခေါင်စာရင်းများသည်ကရင်လူဦးရေနှင့်ပတ်သက်ပြီး မှန်မှန်ကန်ကန်ဖော်ပြနိုင်ခြင်းမရှိခဲ့ပေ၊ ဤသို့ဖြစ်ရခြင်းမှာအောက်ပါအကြောင်းများကြောင့်ဖြစ်သည်။

(၁) မျိုးနွယ်ဇစ်မြစ်အရ ကောက်ယူခြင်း မဟုတ်ဘာသာစကားအရကောက်ယူခြင်း။

(၂) ကရင် ဗုဒ္ဓဘာသာဝင် အများစုကို မြန်မာလူမျိုးစာရင်းတွင်ထည့်သွင်းထားခြင်း။

(၃) ပြည်တွင်းစစ်နှင့်လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့်တောင်တန်းဒေသကရင်များ၏စာရင်းကိုမကောက်ယူနိုင်ခြင်း။

(၄) သန်းကောင်စာရင်းပြုစုရေးလုပ်ငန်း၌ဝန်များလိုအပ်သလောက်မရှိသေးခြင်း

ကိုစိုးရိမ်ခြင်း။ မြန်မာနိုင်ငံ သမိုင်းကော်မရှင်ဌါနမှထုတ်ဝေသောကရင်အမျိုးသားများနေထိုင်သောဒေသနှင့်လူဦးရေစာရင်းသည်ဖော်ပြသည် ထက်များစွါလျော့နည်းနေပါသည်။သမိုင်းဌါနမှတင်ပြသောလူဦးရေစာရင်းမှာအောက်ပါအတိုင်းဖြစ်သည်၎င်းလူဦးရေစာရင်းမှာ ၁၉၃၁ခုနှစ်ကဟုခန့်မှန်းယူဆရသည်။

| | |
|---|---|
| (၁) ကယားပြည်နယ်လူဦးရေ | ၄၅၀၀၀ |
| (၂) သံလျှင်ခရိုင် | ၄၆၀၀၀ |
| (၃) သထုံခရိုင် | ၃၀၀၀၀၀ |
| (၄) ရှမ်းပြည်တောင်ပိုင်း | ၁၈၀၀၀၀ |
| (၅) ပုသိမ်ခရိုင် | ၁၃၀၀၀၀ |
| (၆) မြောင်းမြခရိုင် | ၁၂၀၀၀၀ |
| (၇) မအူပင်ခရိုင် | ၁၁၀၀၀၀ |
| (၈) ကျိုက္ကမီခရိုင် | ၁၀၀၀၀၀ |
| (၉) တောင်ငူခရိုင် | ၉၀၀၀၀ |
| (၁၀) ယိုးဒယားနိုင်ငံ | ၅၀၀၀၀ |
| စုစုပေါင်း | ၁၅၇၁၀၀၀ |

အထက်ပါစာရင်းသည်ရေးကျပြီး ကရင်များနေထိုင်သောဒေသများကိုလည်းပြည့်စုံစွာ ဖော်ပြနိုင်ခြင်းမရှိသေးပေ၊ ယိုးဒယားနိုင်ငံတွင်နေထိုင်သောကရင်လူ ဦးရေမှာ နှစ်သိန်းခုနှစ်သောင်းကျော်ရှိနေပြီဖြစ်သည်၊

# ကရင်မျိုးနွယ်စုများနေထိုင်ရာဒေသနှင့်ခန့်မှန်းလူဦးရေစာရင်းဇယား

| | | | |
|---|---|---|---|
| ၁ | စကောကရင် | ဧရာဝတီတိုင်း။ထားဝယ်၊မြိတ်၊ကရင်ပြည်နယ်၊တောင်ငူခရိုင်၊သံတောင်၊ထန်းတပင်၊ရွှေကျင်၊ကျောက်ကြီး၊ဟင်္သာတခရိုင်၊ဖျာပုံခရိုင် ၊ ပဲခူးတိုင်း[အများစု]<br>ညောင်လေးပင်၊ဖားအံ့၊ကော့ကရိတ်၊မော်လမြိုင်၊ပုသိမ်၊ထိုင်းနိုင်ငံ။ [အနည်းစု] | ၂၅၀၀,၀၀၀ |
| ၂ | ပိုးကရင် | ဧရာဝတီတိုင်း။ပုသိမ်ခရိုင်၊မြောင်းမြခရိုင်၊မအူပင်ခရိုင်၊ဖားအံ့၊ ကော့ကရိတ်၊ [အများစု]<br>ဟင်္သာတခရိုင်၊ဖျာပုံခရိုင်၊ပဲခူးတိုင်း၊ဖာပွန်၊ထားဝယ်၊မြိတ်၊ ထိုင်းနိုင်ငံ [အနည်းစု] | ၂၅၀၀,၀၀၀ |
| ၃ | ပအိုကရင် | ဖားအံ့ခရိုင်၊ကောကရိတ်၊ဖားပွန်၊သထုံခရိုင်၊ ကျိုက်ခမီခရိုင်၊ရှမ်းပြည်၊ ညောင်ခါးရှည်၊ | ၁၃၃၀,၀၀၀ |
| ၄ | ပဒေါင် | တောင်ငူခရိုင်၊ရှမ်းပြည်နယ်၊ပျဉ်းမနားခရိုင်၊ကယားပြည်နယ်၊ | ၈၂၅,၀၀ |
| ၅ | ကယား[ကရင်နီ] | ကယားပြည်နယ်၊သံလွင်အရှေ့ပိုင်း၊ထိုင်းနိုင်ငံ၊ | ၁၅၇,၅၀၀ |
| (က) | ယင်းတလဲ | ကယားပြည်နယ်၊တောင်ငူခရိုင် | ၁၄,၀၀၀ |
| (ခ) | ယင်းဘော် | ကယားပြည်နယ်၊တောင်ငူခရိုင်၊ | ၁၂,၆၀၀ |
| (ဂ) | ပရဲ | ကယားပြည်နယ်၊တောင်ငူခရိုင်၊ | ၃၂,၅၀၀ |
| (ဃ) | ကဲခို၊ကဲဘါး | ကယားပြည်နယ်၊ရှမ်းပြည်တောင်ပိုင်း၊လိပ်သို၊ | ၂၀,၀၀၀ |
| ၆ | ပကူး | တောင်ငူခရိုင်၊ရှမ်းပြည်တောင်ပိုင်း | ၄၂,၅၀၀ |
| ၇ | မော်နီဘွား၊ | တောင်ငူခရိုင်၊သံတောင်၊ | ၁၀,၀၀၀ |
| ၈ | ဘွဲကရင် | ကယားပြည်နယ်၊တောင်ငူခရိုင်၊ရှမ်းပြည်တောင်ပိုင်း | ၂၀,၀၀၀ |
| ၉ | ကရင်ဖြူ | ကယားပြည်နယ်၊တောင်ငူခရိုင်၊ရမည်းသင်း၊ပျဉ်မနားခရိုင်၊ | ၇၇,၅၀၀ |
| ၁၀ | ဇယိန် | ရှမ်းပြည်တောင်ပိုင်း၊လွယ်လုံမြောက်ဖက်မိုးဗြဲဒေသ၊ | ၂၀,၀၀၀ |
| ၁၁ | ယင်းနက် | ရှမ်းပြည်တောင်ပိုင်း၊ပင်လုံမိုးဗြဲဒေသ | ၃၅,၀၀၀ |
| ၁၂ | ယင်းကြား | ရှမ်းပြည်တောင်ပိုင်း၊ပင်လုံ၊မိုးဗြဲဒေသ၊ | ၃၅,၀၀၀ |

## ဆွေးနွေးခန်း

# ပျူ၊ကမ်းယံ၊သက်

ကျွန်အခန်းကဏ္ဍတွင်မည်သူမဆိုပါဝင်ဆွေးနွေးနိုင်ပါသည်

ကျွန်တော် ဒီအခန်းကဏ္ဍကနေပြီး ဆွေးနွေး တင်ပြချင်တာက"ပျူ၊ကမ်းယံ၊သက်"ကိစ္စဖြစ်တယ်၊ရှေးအကျဆုံးမှန်နန်းရာဇဝင်တတိယတွဲထဲမှာသက်ကို မြန်မာလို့ဖော် ပြပြီးဆက်လက်ဖော်ပြတာမတွေ့ရတော့ဘူး။ နောက်ရေးသမိုင်းတွေမှာတော့သက်လူမျိုး၊ ကျပင်းလူမျိုး၊ဆိုသည်မှာဧရာဝတီအနောက်ဘက် ချင်း၊ယော စသောခပ်ရိုးရိုးလူမျိုးများကိုဆိုရိုးရှိကြောင်း ဖော်ပြကြတယ်။သက်ဟူသောစကားသည်သကျမှရွေ့လျော ဆင်းသက်လာကြောင်းတချို့ကရေးသားကြတယ်။ဒါပေမယ့်သက်လူမျိုး ထင်ထင်ရှားရှားရှိတာကရခိုင်တိုင်းတောင်တန်းဒေသ မေယုခရိုင်၊မောင်းတော၊ရသေ့တောင်၊ဘူးသီးတောင် ဒေသတွေမှာလက်ရှိနေထိုင်ကြတယ်၊တခြားလူမျိုးတွေနဲ့ရောနှောနေထိုင်ပေမဲ့သီးခြားနေထိုင်တဲ့ ရွာတွေလည်းရှိတယ်၊ လူဦးရေဘယ်လောက်ရှိတယ်ဆိုတာကိုတော့သီးခြားသန်းခေါင် စာရင်းတွေမရှိလို့မသိကြရဘူး။

ကမ်းယံနဲ့ပတ်သက် တာကတော့ စွယ်စုံကျမ်းများမှာ အနောက်ရိုးမ၏ တောင်စွန်းဖြစ်သောရခိုင်ရိုးမနှင့်ဘင်္ဂလားပင်လယ်အော် အကြားရှိပင်လယ်ကမ်းခြေအရပ်တွင်နေထိုင်ကြသူများကို ကမ်းယံဟုခေါ်သည်လို့သုတေသီတဦးကဆိုထားတယ်။ဦးဘသန်းပြုစုတဲ့ကျောင်းသုံးမြန်မာရာဇဝင်မှာ၊ကမ်းယံဟူသည်မှာကား သံတွဲမှစ၍တောင်စဉ်ခုနှစ်ခရိုင်တို့၌နေထိုင်သူတို့ကိုဆို၏။ရခိုင်လူမျိုး၏ရှေးအနွယ်ဖြစ်ဟန်ရှိ၏လို့ဖော်ပြလာပြန်တယ်၊

အဆိုနှစ်ခုဟာကွဲခြားမှုမရှိပေမဲ့တင်ပြပုံကတော့နဲနဲကွဲတယ်နှစ်ဦးစလုံးကတော့မှန်နန်းရာဇဝင်ကို မှီငြမ်းပုံရတယ်၊တဦးကိုတဦးမှီငြမ်းပုံလည်းရပါတယ်၊ ဦးဘသန်းရေးတဲ့မြန်မာရာဇဝင်ကတော့ဝံသာနုခေတ် အင်္ဂလိပ်သိပ္ပံကျောင်းသားတွေလေ့လာဖို့ရေးသားတဲ့ သမိုင်းလို့ဆို ပါတယ်။သံတွဲဆိုဒါ အနောက်ရိုးမတောင်စွန်း ရခိုင်ရိုးမဟါတောင်ပေါ်ဒေသ၊ ဆိုတော့တောင်စဉ်ခုနှစ် ထပ်ကိုဖော်ပြထားတယ်။ ခရိုင်ကတော့ ပင်လယ်ကမ်းခြေဒေသကိုထပ်ဖြည့်ပေးလိုက်တာဘဲဒါဟာမြန်မာသမိုင်းပညာရှင်တွေတဦးပေါ်တဦးမှီငြမ်းရေးသားတဲ့အစဉ်အလာကို ထင်ရှားစေတာဖြစ်တယ်၊ဆက်လက်ပြီးကမ်းယံနှင့်ပတ်သက်ပြီးမှန်နန်းရာဇဝင်မှာ"ပျူနှင့်ကမ်းယံ"စစ်ပြုကြ၏၊ဗိုလ်ပါများရာနိုင်ကြစေဟူ၍စကားအမြဲဆိုကြပြီးမှ၊ဘုရားတဖက်တဆူတည်ကြလေ၏။ကမ်းယံတို့ကါးသရေခေတ္တရာပြည် မြောက်ပုထိုးကိုတည်ကြသည်၊ပုထိုးကြီးပြီးသသူကိုနိုင်ရမည်စကားရှိသောကြောင့်ကမ်းယံတို့က၊ အုပ်ဖြင့် ပြုလုပ်ကြ၍ပုထိုးကြီးမပြီးလေသော်ပျူတို့သည်ပညာဖြင့်ကြံ ၍ဝါးကိုပုထိုးအယောင်လုပ်ပြီးလျှင်ပုဆိုးဖြူကိုလွှမ်း၍ထီးတင်လေသည်၊ဟူ၍၎င်း"ပျူ၊ကမ်းယံ၊တို့စစ်ဖြစ်၍ တောင်ညိုအရပ်ပန်းတောင်းသက်သာအရပ်မင်းတုန်အရပ် တွင်နေလေသောအခါ"ဟူ၍ဖော်ပြထားတယ်"။သရေခေတ္တရာတွင်ပျူတို့ကောင်းစားစဉ်ရခိုင်ပြည် တောင်ပိုင်းတွင်ကမ်းယံ တို့ရှိခဲ့ကြောင်းယင်းတို့မှာဗုဒ္ဓဝါဒီများဖြစ်ကြောင်း"ဆက်လက်ဖော်ပြကြပြန်တယ်။ကမ်းယံ ကိုရခိုင်လိုလိုချင်းလိုလိုဖော်ပြပေမဲ့ရခိုင်ပြည်အုပ်စုမှာရော မြန်မာပြည် ဒေသတ ဝှန်း၊ကမ်းယံဆိုတဲ့အနွယ်ကိုနောက်တကြိမ်မတွေ့ရတော့ဘူး၊

ပျူနဲ့ပက်သက်ပြီးမှန်နန်းရာဇဝင်မှာ

ပျူအမျိုးမျိုးဖော်ပြထားတယ် (၁)ဟံသာဝတီပျူ (၂)တမ္ပဒီပပျူ (၃)မက္ခရာပျူ (၄)ပင်လယ်ပျူ (၅)ကောင်းစင်ပျူ (၆)အလ္လတပ္ပပျူ (၇)ရွာပုကြီးပျူ (၈)လယ်ကိုင်းပျူ (၉)တကောင်းပျူဆိုပြီး (၉)မျိုးဖော်ပြထားတယ်၊

"ပျူမင်းဆက်တွေလည်း(၁၃၉၃)ယောက်ရှိသည်ပုံ ပေါလအောများ၏။ပျူတို့သည် (၇)စုနှစ် မှ(၉)ရာစုနှစ်တိုင်ဆက်လက်တည်တန့်သည်"လို့စွယ်စုံကျမ်းမှာဖော်ပြ ထားတယ်၊ယခုခေတ်မြန်မာဘာသာ၌ပျူကိုယပင့်နှင့်ရေးသည်"ဟုဖော်ပြပြန်တယ်။ နောက်ဆုံးခေတ်သမိုင်းဆရာများကပျူများသည် သရေခေတ္တရာကိုနန်ချိုရှမ်းတို့တိုက်ခိုက်ပြီးပျူ(၃၀၀၀)ကျော်ကိုမြောက်ပိုင်းတရုပ် ပြည်ထဲသို့သုံ့ပန်းအဖြစ်ခေါ်သွား၍ ၊ ဖျောက်ဆုံးသွားသော လူမျိုးများအဖြစ်သို့၎င်း၊မြန်မာလူမျိုးများ အဖြစ်သို့ ပြောင်းလဲ သွါးခြင်း၊စသည်များကိုလက်ခံအတည်ပြုရေးသားဖော်ပြ ကြသည်။မြန်မာရေးသားမှုနှင့်ပတ်သက်ပြီးရှေးအကျဆုံးရာဇဝင်တွေထဲမှာအင်းဝညောင်ရမ်းမင်းဆက်တနင်္ဂနွေမင်းလက်ထက်တွင်စစ်ကိုင်းသားဦးကုလားရေးတဲ့မဟာရာဇဝင်ကြီး၊ရာဇဝင်ချုပ်၊နောင်တွင်တွင်းသင်းမင်းကြီးမဟာစည်သူရေးတဲမှန်နန်းရာဇဝင်တို့ဟာအလွန်ရှေးကျပါတယ်။ဘကြီးတော်ဘုရားလက်ထက်ရေးသားပြုစုတဲ့မှန်နန်းရာဇဝင် မှာပုဂ္ဂိုလ် ကျော်ကြီးများစုပေါင်းပြီး စနစ်တကျပြင်ဆင်ရေးသားခဲ့ကြတာဖြစ်တယ်၊ဒီပုဂ္ဂိုလ်ကျော်ကြီးတွေဟာတိုင်းရင်းသားလူမျိုးတွေရဲ့မူလမျိုးနွယ်ဆင်းသက်ပုံအခြေချပုံဘာသာစကား၊ယဉ်ကျေးမှုနဲ့ကိုးကွယ်ယုံကြည်မှုနိုင်ငံရေး၊ စီးပွါးရေးလူမှုဆက်ဆံရေးစနစ်တွေကိုမှတ်တမ်းတင်ဖို့ထက်အုပ်ချုပ်မင်းလုပ်တဲ့ဘုရင်တွေရဲ့စစ်ပွဲတွေနဲ့ဘာသာရေးဆောင်ရွက်ချက်လောက်ဘဲမှတ်တမ်းတင်ကြတယ်၊ ကိုးကားမှငြမ်းမှုနဲ့ပတ်သက်ပြီး(၁၈၂၉)ခု(၁၈၃၁) ခုဘကြီးတော် ဘုရားလက်ထက်ပြုစုတဲ့ မဟာရာဇဝင်သုတေသန မဟာနိဒါန်းမှာအောက်ပါအတိုင်းဖော်ပြထားတယ်၊

(၁)မုံရွေးဇေတဝန်ဆရာတော် သော်ကပင် ဆရာတော်ရာဇဝင်သစ်ပါ ကျောက်စာများရာဇဝင်များ ပို့ကဗျာ များချောင်းသမိုင်းဟောင်းများကိုတိုက်ရိုက် စစ်ဆေးကာမှန်နန်းရာဇဝင်စာသားများကိုအစအဆုံးစီကုံး ရေးသားသောတာဝန်ကိုယူရသည်။

(၂)မင်းတိုင်ပင်အမတ်ကြီးမဟာမင်္ဂလာသင်္ကြန်ကရာဇဝင်သစ်ပါစကားများ ယုတ်တိ၊အာဂုံ၊ဒီဓ၊ မုတတို့နှင့်ညီသော်ချင့်သော် သင့်မသင့်စိစစ်၍အဆိုပါဆရာတော်နှစ်ပါးအားအကြံပေးအတိုင်ပင်ခံပုဂ္ဂိုလ်ကြီးအဖြစ် တာဝန်ယူရသည်။

(၃)မြင်းစုဝန်ကြီး ဦးရောက်ဖြိုက် သံတော်ဆက်ဦးချိန်တို့က ချောင်းဟောင်း၁၂စောင်၊ ရာဇဝင်ဟောင်း ၉စောင် အရေးတော်ပုံ၅စောင် ပုဂံရာဇဝင်ဟောင်း ပုဂံရာဇဝင်သစ်များနှင့်ညှိ၍ရာဇဝင်သစ်တွင်ပါမပါဖော်ပြရသည်၊စီကုံးရေးသားရပါသည်။

(၄)စာရေးတော်ကြီးဦးဖျော်သည် ဦးရောက် ဦးချိန်တို့နှင့်အတူစစ်ဆေးကြည့်ရှုရသည့်ညောင်ရမ်း(၁၀) ရာဇဝင်ခန်းသို့ ရောက်သောအခါသံတော် အရာရှိအဖြစ်ဘင်္ဂလားသို့သွားရသည်။

(၅)ဘိသိတ်တော်ဆက်ပုဏ္ဏားတော်ပညာရှိရာဇဒေဝနှင့်ကမုဒြ"ဗင်္ဂလီနာဂရ"အက္ခရာရေးသက္ကဋဘာသာကျမ်းလာဘိသိတ်ခံပုံနတ်ပူဇော်ပုံရွှေနန်းကျော့ရှင်၏နန်းတည်စာတမ်းနှင့်နန်းတည်ကျောက်စာပါအကြောင်းများကိုရေးသားဆက်သွင်းရသည်။

(၆) ဖြိုက်သံတော်ဆင့်ဦးရွဲစာရေးတော်ကြီးဦးလုကြီး၊စာရေးတော်ဦးအောင်သာတို့သည် စာမူများကိုစု၍သိမ်းပေးရသည်။ အတွင်းဝန် နှစ်ပါးရှေ့ဖတ်ပြရသည်။

(၇)အတွင်းဝန်ဆောမြို့စား၊အတွင်းဝန် အသည်ဝန်စဉ့်ကူးမြို့စားတို့က စာမူများကိုနောက်ဆုံး တည်းဖြတ်ရသည်၊ရေးသားရင်းဆရာတော်များနှင့်ပြန်လည်တိုက်ဆိုင်ရသည်။

ကြောင့်ကြီးကျယ်တဲ့သမိုင်းကော်မရှင်အဖွဲ့ရဲ့အခြေခံတာဂရေးသမိုင်းစာပေကျောက်စာကိုသာ အဓိကအခြေခံပြီးရေးသားတယ်ဆိုတာရှင်းပါတယ်၊နောက် အချက်ကအမရပူရနန်းတည်ဘိုးတော်ဘုရားလက်ထက်အနောက်အိန္ဒိယကိုသုတေသီတွေလွှတ်ပြီး လောကီလောကုတ်တရာကျမ်းတွေကိုမြန်မာလိုဘာသာပြန်စေခဲ့တယ်ဆိုတော့ရှေး မြန်မာစာပေတွေအားလုံးဟာအိန္ဒိယယဉ်ကျေးမှုနဲ့အယူအဆတွေလွှမ်းမိုးခံနေရတယ်၊အဲဒီတော့အနောက်ဘက်မဇ္ဈိမအယူအဆတွေလွှမ်းမိုးနေတာရယ်လူမျိုးတွေကိုအဓိကမထားတာရယ်အဲဒီအချက်တွေပေါ်မှာ မျိုးနွယ်တွေရဲ့ ဘာသာစကားပြောင်းလဲမှုအခေါ်အဝေါ် တွေဟာလွဲချော် ကောင်းလွဲချော်နိုင်ပါတယ်၊ဒါကြောင့်ပျူကမ်းယံသက်ဆိုတဲ့စကားတွေဟာမူလစကားဟုတ်မဟုတ်သံသယရှိနေ စရာဖြစ်နေပါတယ်။ ဦးဘသန်းရဲ့ ကျောင်းသုံးသမိုင်းမှာ "ပျူလူမျိုးတို့ကားမြန်မာလူမျိုးတို့၏ မျိုးနွယ်ဖြစ်သည်""ကဗျည္ဆစန္ဒိကာကျမ်း၌ပျူ လူမျိုးကားမြန်မာလူမျိုး တို့ဖြစ်ကြောင်းဖြပ္ပာပြပ္ပာ၊မြန်မာစသည်တို့ရွှေ့လျော ဖောက်ပြန်လာကြောင်းရှေးကျသောရာဇဝင်ဟောင်းတို့၌မြန်မာဟူသည်ပျူတို့၏သားမြေးဖြစ်ကြောင်းပါရှိသည်လို့ဆိုတယ်၊နောက်"ဆက်

စာမျက်နှာ( ၂)မှ

အဖြစ်အပျက်များကိုခရစ်မပေါ်မီမည်၍မည်မျှဟုသတ်မှတ်ကြသည်၊ခရစ်ခုနှစ်ကိုအစဉ် အတိုင်း ရေတွက်ရာတွင်ရှေ့ခုနှစ်ကငယ်၍နောက်ခုနှစ်များ ကကြီးသော် လည်းခရစ်မပေါ်မီကအဖြစ်အပျက်များကိုရေတွက်ရာတွင်ရှေ့ခုနှစ်များကကြီး၍နောက်ခုနှစ်များကငယ်သည်ကိုတွေ့ရသည်ခရစ်မပေါ်မီနှစ်ပေါင်း(၆၀၀၀)နှင့်ခရစ်မပေါ်မီနှစ်ပေါင်း(၃၀၀၀)ဖော်ပြချက်နှစ်မျိုးတွင်ခရစ်သက္ကရာဇ်နှင့်နီးလေလေငယ်၍ဝေးလေလေကြီး လေလေဖြစ်သွားသည်၊ ခရစ်မပေါ်မီနှစ်များကိုဘီစီဟုဖော်ပြပြီးခရစ်တော်ပေါ်ပြီးနှစ် များကိုအေဒီဟုဖော်ပြကြသည်၊ခရစ်မပေါ်မီနှစ်(၁၀၀)ကိုဘီစီ၁၀၀ဟုသုံးပြီးခရစ်တော်ပေါ်ပြီး နှစ်၁၀၀ကို ၁၀၀၊အေဒီဟုခေါ်သည်ဟုဖော်ပြကြသည်၊ အနောက်နိုင်ငံ များတွင် သမိုင်းနှင့်ပတ်သက်၍ရေတွက်ကြရာ တွင်တနှစ်ခြင်း မရေတွက်ဘဲဆင်ကျူရီခေါ် နှစ်၁၀၀ကို အခြေခံ၍ရေတွက်လေ့ရှိသည်၅ခုမြောက်နှစ်၁၀၀ဟုဆိုလျှင် **(Fifth Centuary)** နှစ်၅၀၀ဟုလည်းကောင်းဆယ့်ငါးကြိမ်မြောက်နှစ်၁၀၀ဆိုလျှင် **(Fifteenth Cenuary)**နှစ်၁၅၀၀ဟုရေးသားလေ့ရှိသည်၊မြန်မာလ်ရေးသားလျှင် ၅ရာစု ၁၅ရာစုစသည်ဖြင့်ရေးထိုးကြသည်၊ရာစုဆိုလျှင် နှစ်၁၀၀အတွင်း အဖြစ်အပျက်ကိုဆိုလိုကြောင်းသိရမည်ဖြစ်သည်၊ယခုမြန်မာသက္ကရာဇ်နှင့်ခရစ်သက္ကရာဇ်သည်နှစ်ပေါင်း (၆၃၈)နှစ် ကွါခြားသည်ကိုတွေ့ရသည်၊ခရစ်သက္ကရာဇ်ကိုသိလိုလျှင် မြန်မာသက္ကရာဇ်ကို(၆၃၈)နှစ်ပေါင်းရမည်ဖြစ်သည်။



သမိုင်းရေးရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်ကရင်အမျိုးသားအကြီးအကဲတို့၏ဆန်းစစ်မှုကိုခံယူခဲ့စဉ်
(မဲဆောက်)

လက်ပြီး ပသင်္ဂဝိသောခနိုကျမ်း ၌အစဉ်အ တိုင်းဗြဟ္မာ၊ ဗရမ္မာ၊ဘရမာ၊ဘမာ၊ပရမ္မာမြန်မာစသည့်ပြောင်းလဲရေးသား လာသည်ကိုတွေ့ရသည်ဟုဆို"သည်ဟုလည်းရေးထားပြန် တယ်၊ထို့ကြောင့်ရှေးစ ကားပြောင်းလဲ မှုတွေမှာ သက္က ပါဠိနှစ်မျိုးကိုအ ခြေခံပြီးပြောင်းလဲယူတဲ့စနစ်မျိုးဖြစ်နေ တယ်၊ကရင်ကိုဖော်ပြရာကရင်ဆိုသည်မှာပါဠိစကား"ကရ" မှလါကြောင်း၊ကရင်ဆိုသည်မှာအရင်ရောက်၍"အရင်"လူမျိုး မှကရင်လူမျိုးဖြစ်လာ ကြောင်းကိုလည်းတ ဖန်ဖော်ပြကြ ပြန်တယ်။တခါတရံဖော်ပြ ရင်းနဲ့မူလဇစ်မြစ်တွေပါအလုံး စုံပြောင်းလဲသွါးတတ်တာ လည်းရှိပါတယ်၊ဥပမာ ပြောရ ရင်မှန်နန်းရာဇဝင်မှာ မြန်မာအစတကောင်းကလို့ဆိုထား ပါတယ်၊ တကောင်းကတဆင့်သရေ ခေတ္တရာနောက် ပုဂံ ကိုဆက်ပြီးအုပ်ချုပ်တယ်"တကောင်း"ကိုစ တည်တာက မဇ္ဈိမဒေသ ကပိလဝတ်ပြည်အဘိရာဇာအမည် ရှိတဲ့သကျ သာကီဝင်မင်းဟာမြန်မာပြည်ကို ကူးပြောင်းလာပြီးတည် ထောင်တာ ဖြစ်တော့"မြန်မာ တွေရဲ့ဆင်းသက်ရာလမ်း ကြောင်းဟာတိဗက်ယူနန်ကရောဝတီ၊ ချွေလီလမ်းကြောင်း မဟုတ်ဘဲအ နောက်ဘက်လမ်းကဖြစ်နေ တယ်အဲဒီတော့ ခေတ်သစ်သမိုင်းဆရာတွေက တကောင်းမှာမြန်မာအစမ ဟုပ်ဘဲ၊မြန်မာနိုင်ငံမင်းတို့၏အစဖြစ်သည်ဟုပြန်လည်ပြင် ဆင်ခဲ့ရသည်ဒါလည်းရှိပါတယ်။ ရှင်းရှင်းလင်းလင်းတော့မ ရှိပါဘူး။ ကျနော်သ တိထားမိတဲ့ အချက်တချက် ကပ အို့ကရင်မျိုးနွယ်မှာပျူနဲ့ ပတ်သက်ပြီးအတော်နီးစပ်တဲ့စ ကားတွေရှိနေတာ ကိုတွေ့ရတယ်၊ ဒီလူ မျိုးတွေဟာ မျိုး နွယ်တခု ဖြစ်ပြီးမြန်မာပြည်ကိုအစောဆုံးရောက်လာသော လူမျိုးတွေထဲမှာပါဝင်တယ်ဆိုတာသမိုင်းဆရာတွေတညီတ ညွတ်တည်း လက်ခံထားကြပါတယ်၊ ပအို့ကို တောင်သူ လို့လဲခေါ်တယ် မွန်လူမျိုးတို့ မရောက်မီရှင် [illegible]တောင် သူနီကရီတိုလူမျိုးတို့ရောက်နှင့်နေသည်ဟုလည်းပြည်တော် သာဦးထွန်းရီရေးပါဒ သမိုင်းမှာတွေ့ရ တယ်၊ပအို့ကရင်မှ ပိုးက ရင်ဖြစ်လာတဲ့မိုထိ"ကရင်ဟာသူတို့ကိုသူတို့ ဖွံ့ဖြိုး ဟုခေါ်သည်အဓိပ္ပါယ်ကလူမျိုးသို့မဟုတ်ကရင်လူမျိုးလို့အ ဓိပ္ပါယ်ရသညရှေးခေတ်"ပုဂံခေတ်"မတိုင်မီမှာတော့အရစ် နဲ့အပင့်သရေတင်ရှေ့ကပေါက်တွေမရေးသေးတော့အရစ် ကိုလ ခံပြီးရေးတယ်၊ သရေးတင်နဲ့အောက်က မြင့်ကို"အ" သတ်ပြီးရေးကြတယ်၊ အဲဒီစကားလုံးတွေကိုသမိုင်း ဆရာ တွေကအပင့်ရေးအရစ် ရေးကြတယ်အဲဒီတော့ တဆင့်က တဆင့်ကူးယူရေးသားချက်တွေမှာ အခေါ်အ ဝေါ်တွေအ ပြောင်းအလဲတွေရှိခဲ့သလားဆိုတာကိုလည်း သံသယရှိစရာ ဖြစ်တဲ့အကြောင်းအထက်ကဖော်ပြီးဖြစ်တယ်၊မြန်မာစကား ဟာလည်းတ ပါးအမျိုးသားစကားတွေ ကိုဖော်ပြတဲ့အခါ မူလစကားတွေနဲ့အတော်အတန်ကွါခြားလေ့ရှိတယ်၊ဥပမာ ပစ္စန လွတ်ကိုပိသလောက်၊စ ခွန်ထိုင်းကို၊ သောက်ကတဲ လာအိုကိုလင်းဇင်းစတဲ့အခေါ်အဝေါ်တွေဟာပင်ရင်းနဲ့ကွါ ခြားနေတာအ ထင်အရှားပါ ဘဲ၊ဒါကြောင့်ပျူ ကမ်းယံ သက်ဆိုတဲ့စကားတွေကိုပင်ရင်း စကားဟုတ်မ ဟုတ်လေ့

လာဆန်းစစ်သင့်ပါတယ်၊ပျူနှင့်ပတ်သက်ပြီးစွယ်စုံကျမ်းမှာ ဖော်ပြထားတာက၊ ခရစ်နှစ် ၁၁၀၀အထက်တွင်ရှေးတရုပ် မှတ်တမ်းနှင့်သမိုင်း၌ယင်းတို့ကို "ဖျအို"အသံထွက်သော စာလုံးဖြင့်ရေးသည်၊ ထိုသင်္ကေတ၏အဓိပ္ပါယ်မှာ ခါးပြ ဖြစ်သည် ခရစ်နှစ် နောက်ပိုင်းတွင် ရေးသားသောတရုပ် သမိုင်းတွင်ထို အသံထွက်ရှိသောအခြား သင်္ကေတစာလုံး ဖြင့်ရေးမှတ်ကြသည်၊ ထိုစာလုံး၏ အဓိပ္ပါယ်မှာ မြင်းစီး သူရဲဖြစ်သည်"ရှင်တန်ရှ"ခေါ်တရုပ်ခေတ်သစ်သမိုင်းတွင် တရုပ်တို့ကပျူတို့အားဖျအိုး ဟုခေါ်သော်လည်းသူတို့ကို သူတို့ထုလိုချူ ဟုဖော်ပြထားသည်၊ တဖန် ကျန်စစ်သား (ခရစ်နှစ်၁၁၀၀)၏ ဘိသိတ် အကြောင်းမွန် ဘာသာနှင့် ထိုးထားသောကျောက်စာတွင်မြန်မာအဆိုအက မွန်အဆို အကနှင့်တိရ်စုလ်အဆိုအကများပါဝင်ကြောင်းဆိုထားရာထို တိရ်စုလ်မှာတရုပ်အဆိုဖြစ်သော ထုလိုချူနှင့်နီးစပ်ရကား ပျူဟုယူဆရန် ဖြစ်ကြောင်းရေးသားထားသည်။ ဖျအိုးနှင့် တိရ်စုလ်စကားလုံးများဟာပအိုလူမျိုးတွေနဲ့သူတို့ရဲ့တော စုးဆိုတဲ့အခေါ်အဝေါ်တွေနဲ့လည်းအလွန်နီးစပ်နေပြန်တယ် ဒီဆန်းစစ်မှုနဲ့ပတ်သက်ပြီးဘယ် သမိုင်း ဆရာတွေကမှအ လေးထား လေ့လာခဲ့တာမရှိသေးပါဘူး၊ ကမ်းယံနှင့်ပတ် သက်ပြီးအယင်ကမြန်မာလိုလိုရခိုင်လိုလို၊ချင်းလိုလိုဖော်ပြခဲ့ ပြီးနောက်သမိုင်းဆရာတွေကတော ကမ်းယံကို ကရင်ဖြစ် ကြောင်းတညီ တညွတ်တည်း လက်ခံလာကြပါတယ်၊ပျူ ကရင်၊သက်ဟုပင်ပြောင်းလဲ့ရေးကြတယ်၊ဒါပေမဲ့ပျူကရင် ဘယ်လို ဆက်သွယ် ခဲ့တယ်ဆိုတာ လေ့လာ ဖော်ပြတာ မတွေ့ခဲ့ရတော့ ဘူးဒါကြောင့် ပျူသက် စကားတွေလိုလူ မျိုးစုံစကားတွေကိုလေ့လာသင့်ပြီဖြစ်ပါတယ်၊ မှန်နန်းရာဇ ဝင်ထဲကပျူ(၉)မျိုးဟာအမှန်တကယ်ပျူလူမျိုးတွေဆိုလျှင် အကုန်အစင်အစပျောက်ပြီးသွါးနိုင်စရာမရှိပါဘူး။

ကျနော်ဆွေးနွေးတင်ပြချင်တဲ့အချက်က ခေတ်ဟောင်းနဲ့ ခေတ်သစ်သမိုင်း ဆရာတွေရဲ့သမိုင်းရေး ရာချဉ်းကပ်နည်းကို ထင်ရှားစေဖို့ ပျူကမ်းယံနဲ့သက်က ဥပမာပေးပြီး တင်ပြခြင်းသာဖြစ်တယ်၊ ခေတ်ဟောင်းသ မိုင်းဆရာတွေက မြန်မာကိုလူမျိုး တကာထက်မူလကျစေ ချင်တဲ့အတွက် အနောက် အိန္ဒိယ သမိုင်းကို မြန်မာမှုပြု လိုက်တယ်ခေတ်သစ် သမိုင်းဆရာတွေကလည်းလမ်းသစ် ထွင်ရမဲ့အစား မူလလမ်းဟောင်းအတိုင်းလိုက်ကြတာဘဲ။ ဒါကြောင့်ကျနော်တို့ခေတ်မှာသမိုင်းကိုအသစ်ပြန်ရေးကြ ရမယ်။ စေတနာလွန်ကဲမှု၊ပဇောဂ၊ဆန္ဒစွဲအမြင် တွေကင်းတဲ့သမိုင်းတစောင်ဖြစ်ဖို့လိုတယ် ။ဘယ်လူမျိုးက ဘဲအရင်ရောက်ရောက်ပြသာနာမရှိဘူး ၊ဒါပေမဲ့သူအရင် လိုလိုငါအရင်လိုလိုရှုတ်ထွေးစရာတွေဖြစ်တာကတော့စေ တနာမကောင်းရာကျတယ်။

မျိုးနွယ်စုအလွန်များပြာတဲ့ မြန်မာပြည်မှာ လူမျိုးတွေရဲ့ မူလအစလမ်းကြောင်း လူမျိုး အချင်းချင်း ဆက်သွယ်မှုနဲ့ပြောင်းလဲမှု အဖုံဖုံကို သိပ္ပံနည်းကျတဲ့နိုင်ငံ တကာလေ့လာ နည်းတွေကိုအခြေပြု လေ့လာ ရမှာဖြစ်

## ထိုင်းနိုင်ငံတိုင်းရင်းသား

# ကရင်လူမျိုးများ

ထိုင်းနိုင်ငံတွင်အသိအမှတ်ပြုခံရပြီး၊ထိုင်းတိုင်းရင်းသားအဖြစ်ခံယူသွားသောကရင်အမျိုးသားနှစ်သိန်းခုနှစ် သောင်းကျော်ရှိပြီးဖြစ်သည်။ထိုကရင်များသည်ထိုင်းနိုင်ငံသားများဖြစ်သကဲ့သို့ ကရင်အမျိုးသားအဖြစ် လည်းခံယူပိုင်ခွင့် ရှိသည်။ထိုင်းနိုင်ငံ၏အခြေခံဥပဒေအရ လူမျိုးတမျိုးထက်ကျော်လွန်ပြီးခံယူပိုင်ခွင့်ရှိသည်၊ကရင်လူမျိုးများသည်တောင်ပေါ်သားလူမျိုးစုများတွင်တရားဝင်အသိအမှတ်ပြုခံရသောတိုင်းရင်းသား(၉)ခုအနက်လူဦးရေအများဆုံးဖြစ်ပြီးလူမျိုးစုလူဦးရေ၏“၄၉.၆၆ရာ ခိုင်နှုန်းရှိသည်။ကရင်လူဦး ရေ(စကော၊ပိုး)သည်၁၉၈၈ခုကောက် ယူသောသန်း ခေါင်စာရင်းနှင့်သုတေသနစာတမ်းများအရ“၂၇၉၁၈၃ယောက်ဖြစ်သည်။ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံ နယ်စပ် တလျှောက်ပြည်နယ်(၁၆)ခုတွင်ပြန့်နှံ့နေထိုင်လျှက်ရှိသည်၊ ၊ကရင်လူဦးရေအများဆုံးနေထိုင်သောပြည်နယ်မှာဇင်းမယ်[Chiang Mai]ဖြစ်ပြီး ကရင်လူဦးရေတသိန်းနီးပါးမျှနေထိုင်သည်။ အောက်ပါဇယား သည် ကရင်များ အပါ အဝင်တောင်တန်းသားလူမျိုးများနှင့် လူမျိုး အလိုက် လူဦးရေကိုဖေါ်ပြထားသည်။ တောင်တန်းဒေသသုတေသနပြန်ကြားရေးဌာနမှထုတ်ပြန်ထားသည်။

<u>သုတေသနဌာနနှင့်သုတေသီများ</u>

ထိုင်း၊နိုင်ငံအတွင်းတောင်ပေါ်တိုင်းရင်းသားများကိုအလေးအနက်လေ့လာသောသုတေသနဌာနနှင့်သုတေသီအများအပြားကိုတွေ့ရသည်။အနောက်တိုင်းပညာရှင်သုတေသီများလည်းပါဝင်သည်၊သုတေသနဌာနများ(၁)အမျိုးသားသိပ္ပံဖောင်ဒေးရှင်း၊ [National Science Foundation]

(၂)လူမှု သိပ္ပံကျောင်း:[Faculty of the Social Science / Chiang Mai]

(၃)တောင်တန်းသားသုတေသနဌာန [Tribal Research Centre/ Chiang Mai]

(၄)အမျိုးသားသုတေသနကောင်စီ[National Research Council /Bangkok]

စသောသုတေသနဌာနများအပြင်

အောက်ဖေါ်ပြပါနိုင်ငံတကာ သုတေ သနဌာနများလည်းပါဝင်သည်။


(၁)သြစတြေးလျအမျိုးသားတက္ကသိုလ်မှ ဘာသာစကားဗေဒဌာန[Austlirian National University-Department of Lanquistic]

(၂)ဝါရှင်တန်တက္ကသိုလ်မနု သဗေဒဌာန။ [Department of Anthropology /University - of Washington]

<u>ထိုင်းနိုင်ငံ၊တောင်တန်းသားများဆိုင်ရာကိန်းဂဏန်းစာရင်းဇယား</u>

| လူမျိုးအမည် | ကျေးရွာအရည်အတွက် | အိမ်ခြေ | လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ကရင်[Karen] | ၂၁၂၃ | ၅၂၈၂၃ | ၂၇၉၁၈၃ | ၄၉.၆၆ |
| မြောင်[Meo] | ၂၃၃ | ၁၀၅၇၂ | ၈၃၉၆၉ | ၁၄.၉၄ |
| မူဆို(လားဟူ)[Lahu] | ၄၀၉ | ၁၁၂၂၆ | ၆၁၁၂၈ | ၁၀.၈၇ |
| ယောင်[Yao] | ၁၈၁ | ၄၈၂၃ | ၃၅၆၅၂ | ၆.၃၄ |
| အာခါ(အီကော)[Akha] | ၁၉၇ | ၅၆၄၄ | ၃၂၇၅၈ | ၅.၈၈ |
| ထင်[Htin] | ၁၄၆ | ၄၈၀၀ | ၂၈၅၁၆ | ၅.၀၇ |
| လီဆော[Lisu] | ၁၂၈ | ၄၁၁၉ | ၂၅၂၅၁ | ၄.၄၉ |
| လဝ[Lwa] | ၄၄ | ၁၅၂၇ | ၈၃၇၆ | ၁.၄၉ |
| ခမူ[Khamu] | ၃၆ | ၁၂၈၆ | ၇၃၀၆ | ၁.၈၀ |

၁၉၈၈–ထိုင်းနိုင်ငံရှိကရင်လူမျိုးများနေထိုင်သောပြည်နယ်များ



(၃)ဝါရှင်တန်တက္ကသိုလ်မှ“လူမျိုးနှင့်အမျိုးသားများ၏ ကွာခြားချက်ကိုလေ့လာသောအစီအစဉ်[Programme of Comparative Studyof Ethnicity and Nationality at the University of washington]

(၄)တောင်ပေါ်သားများ၏ယဉ်ကျေးမှု ပညာရေးတိုး တက်ရေးအစီအစဉ်[Mountain People's Culture and Education Programme]

(၅)လူမျိုးနှင့်မနုသဗေဒဌာနကိုပင်ဟောဂင်တက္ကသိုလ် [Institude of Ethnology and Anthropology/ Copen hagen University]

မနုသဗေဒပညာရှင်များဖြစ်ကြသောအယ်ဒီဆင် [Addison] ဂျိမ်စ်းဟင်မေလ်တန်James Hamilton] ဘာသာစကားဗေဒပညာရှင်များဖြစ်သော ဂျိုးဇက်ခုခီ[Joseph Kooke]ဂျေအက်ဒွပ်ဟူစပစ် [j.Edwin Hudspetch]

ဂျိမ်စ်းမောရစ်[James Moris]တို့သည်ကရင်များအပါအဝင်တောင်ပေါ်သား များနှင့်ပတ်သက် ၍မနုသဗေဒနှင့် ဘာသာစကားဗေဒရှုထောင့်တို့မှလေ့လာ ပြီးစာတမ်းများ ပြုစုကြပါသည်။ ဂျိမ်းဟင်မေလ်တန်သည်၁၉၅၆–၆၁ခုနှစ် ထိုင်းလူမျိုးများအတွင်းကရင်လူ မျိုး များပူးပေါင်းပါဝင်မှုဖြစ်စဉ်ကိုဗဟိုပြုပြီး သုတေသနပြု၍၎င်း၊ ဒေးဗစ်မာလိုဝီ [David Marlowe]၊ ကဇင်းမယ်ပြည်နယ် စကောတို့ ၏ ဆေးဝါးမှုနှန် နှင့် ပတ်သက်သောယုံကြည်မှု အပြု အမူ

ထိုင်းနိုင်ငံ၊ကရင်လူမျိုးများ၏နေထိုင်ရာဒေသနှင့်လူဦးရေစာရင်းဇယား

| ပြည်နယ်ကြီးများအမည် | ကျေးရွာအရေအတွက် | အိမ်ခြေ | လူဦးရေ | ခုနှစ် |
|---|---|---|---|---|
| ချင်းမိုင် | ၇၃၁ | ၁၅၉၀၉ | ၉၈၁၆၁ | ၁၉၈၃ |
| မယ်ဟောင်ဆောင် | ၅၇၈ | ၁၃၁၁၁ | ၇၀၀၈၀ | ၁၉၈၈ |
| တပ်(ခ်)၊[ရဟိုင်း] | ၄၂၂ | ၉၆၁၆ | ၄၉၇၂၆ | ၁၉၈၉ |
| လမ်းဖွန်း | ၆၂ | ၄၃၆၆ | ၂၁၃၈၃ | ၁၉၈၉ |
| ကန်ချနဘူရီ | ၁၃၈ | ၃၅၃၄ | ၁၈၃၅၈ | ၁၉၈၈ |
| ဖရိုင် | ၁၄ | ၁၆၈၃ | ၇၅၀၆ | ၁၈၉၈ |
| ရာချ်ဘူရီ | ၁၆ | ၁၄၄၄ | ၆၈၄၉ | ၁၉၈၈ |
| ချင်းဂရိုင်း | ၃၂ | ၁၀၇၈ | ၅၄၈၈ | ၁၉၈၆ |
| ဖစ်စနလွတ် | ၈ | ၇၆၉ | ၅၂၄၀ | ၁၉၈၈ |
| ဖက်ချ်ဘူရီ | ၂၆ | ၅၈၁ | ၃၀၀၃ | ၁၉၈၈ |
| ဥထိုင်းဌာနီ | ၂၄ | ၄၇၂ | ၂၃၆၃ | ၁၉၈၉ |
| စူဖန်ဘရီ | ၁၁ | ၂၁၂ | ၁၁၂၃ | ၁၉၈၉ |
| ကန်ဖန်ဖက်ချ် | ၇ | ၁၉၆ | ၈၈၃ | ၁၉၈၈ |
| ပရာကျွတ်ဂီရိခန် | ၅ | ၁၄၈ | ၇၄၃ | ၁၉၈၈ |
| ဆုခွန်ထိုင်း | ၂ | ၁၁၃ | ၆၀၆ | ၁၉၈၈ |

ဆောင်ရွက်ချက်များနှင့်အပြန်အလှန်ဆက်သွယ်ရေးအခန်း ကဏ္ဍကိုငင်း၊ ဂျိမ်းစ်ကီစ်း[James Keyes]၊ ၁၉၆၇–၆၈ မိုင်းလုံးကြီး[Mae Sariang]ဒေသ၊ ကရင်နှင့်ဝတို့၏ဆက် ဆံရေးကိုငင်း၊ပီတာကန်းစတက်တာ[Peter Kunstadter]' ၁၉၆၃မယ်စရီယန်ဒေသမြောက်ပိုင်းစကောကရင်များနှင့်နီး စပ်ရာဝတို့၏လူမျိုးဆိုင်ရာဗေဒနှင့်မြေအသုံးချမှုများကို ငင်း၊ခူခီမာက်စပစ်မောရစ်တို့လည်းပိုးကရင်ဘာသာစကား ကိုအသီးသီးလေ့လာကြပြီးသုတေသနစာတမ်းများစာအုပ် များကိုရှုထောင့်အသီးသီးမှရေးသားဖေါ်ထုတ်ကြလေသည်။ ထိုသုတေသီနှင့်ပညာရှင်များ၏ ဆောင်ရွက်မှုတွင်ကရင် များ၏မူလဇစ်မြစ် ဘာသာစကားကိုကွယ်ယုံကြည်မှု နိုင် ငံရေး စီးပွါးရေးလူမှုရေးဘဝစသောအချက် အလက်များ စုံလင်ပြီးပြည့်စုံလှပေသည်။ဟာဝေယံ တက္ကသိုလ်မှသမိုင်း [Hawii University] ၊ပညာရှင်ဈော်နယ်ဒီရီနတ် သည် ထိုင်းနိုင်ငံရှိကရင်ရာဇဝင်ကိုရေးသားပြီးသမိုင်းဆိုင်ရာ၊ပါ ရဂူ၊ ဘွဲ့ကို ရရှိခဲ့သည်။ ဒိန်းမတ် နိုင်ငံ ကိုပင် ဟေဂင် [Copenhagen] တက္ကသိုလ်၊ မနုဿဗေဒ မှ အင် တာ ဘော့တဲဇာဂျိုဂျင်ဆင် [Andeer Baltzer Jorgesien] နှင့်ခါ့စတန်အီဝါအင်ဒါဆင်[Kirsten Ewers - Anderson] တို့က"ပိုးကရင်တို့၏စီးပွါးရေး တွေးခေါ် မျော်မြင်မှုဘဝ ကိုရေးသားခဲ့သည်။ကင်းဘရစ်တက္ကသိုလ် မှမိုက်ကယ်မာဒါ [Michael Mahda]သည်"စကောကရင် တို့၏၏စီးပွါးရေးအသွင်အပြင်"ကိုရေးသားခဲ့သည်။ နိုင်ငံတကာ သုတေသနဌါနများနှင့် သုတေသီ ပညာရှင် များသည်လူမျိုးစုမြောက် များစွာရှိသောမြန်မာပြည်ထက် ထိုင်းနိုင်ငံကိုအခြေခံပြီးလေ့လာကြသည်။ထိုင်း နိုင်ငံရှိက ရင်လူဦးရေမှာ မြန်မာပြည်ရှိကရင် လူဦးရေ၏ငါးရာခိုင် နှုံးသာရှိသည်။

<u>ထိုင်းနိုင်ငံတွင်းသို့ ကရင်များရောက်ရှိလာခြင်း</u> မျက်မှောက် ထိုင်းနိုင်ငံလူမျိုးစုတောင်ပေါ်သားများကိုသမိုင်းသုတေသီ များကရှုထောင့်အမျိုးမျိုးမှလေ့လာမှတ် တမ်းတင်နိုင် ခဲ့ သော်လည်း၊ကရင်အပါအဝင်ယင်းလူမျိုးများ ၏မူလဇစ် မြစ်ဆင်းသက်ရာလမ်းကြောင်းနှင့်ပတ်သက်၍ ငင်းသုတေ သီအချင်းချင်းအယူအဆကွဲပြားနေဆဲဖြစ်သည်။ ကရင်အ မျိုးသား သုတေသီဆရာလူးရွှေ၏ သုတေသနပြု ချက်ကို အောက်ပါအတိုင်းဖေါ်ပြလိုက်သည်။ယံ[သို့]ယန်းဟူသော စကားသည်တရုပ်လူမျိုးများကကရင်ကိုခေါ်ခြင်းဖြစ်သည်။ ကရင်တို့သည် သံလွင်မြစ်နှင့်မဲခေါင်မြစ်စပ်ကြားရှိဒေသ ကိုဖြတ်ကျော်ပြီးယိုးဒယားသို့အေဒီ"၆"ရာစုနှစ်မတိုင်မ ကထဲကဝင်ရောက် လာပြီးငင်းမြစ်နှစ်သွယ်ရှိ"Kiang - Seng]ကိုဗဟိုပြုပြီး[KiangSeng]ကယန်းအင်ပါယာကို တည်ထောင်ခဲ့ကြောင်းယိုးဒယားရာဇဝင်သမိုင်း၌ရေးသား ထားကြောင်းဖေါ်ပြထားသည်ဒေါက်တာမေဆင်သည်က ရင်များ၏မူလဇစ်မြစ်ကိုလေ့လာ၍သုတေသနပြုရာ၌ကရင် တို့၏ရိုးရာစကား၌ကြိမ်ဖန်များစွာရှိခဲ့သော"ထီးဆဲ့မဲ့ယွါး" သဲချောင်းစီးမြစ်ကို နားမလည်နိုင်ခဲ့ပါ။တရုပ် ဗုဒ္ဓဘာသာ ဝင်ဘုရားဖူး၊ ဖါဟင်[Fahian]သည်၅ရာစုအေ ဒီတွင်ဂိုဘီ သဲကန္တာရကိုဖြတ်ကျော်ပြီးအိန္ဒိယနယ်သို့ ခရီးထွက်လာစဉ် "ထီးဆဲ့မဲ့ယွါး"သဲချောင်းစီးမြစ်အကြောင်းနှင့်ပတ်သက် ၍ငင်းခရီးသွား မှတ်တမ်းစာအုပ်တွင်ထင်ရှားစွာရေးသား ထားသည်ကို ဒေါက်တာမေဆင်ဖတ်ရှုခဲ့ရာမှမိမိယူဆချက် ကိုအောက်ပါအတိုင်းဖေါ်ပြခဲ့သည်ကရင်လူမျိုးများပြောင်း ရွှေ့နေထိုင် ခြင်းသည် ရှမ်းလူမျိုးများ ဇင်းမယ်နှင့် လဘုံ တွင်ဝင်ရောက် နေထိုင် ချိန်ဖြစ်ကြောင်း၊ အဘယ် ကြောင့်ဆိုသော်ရှေးလူကြီးသူမပြောစကားအရကရင် တို့ ၏ခေါင်းဆောင် ကြီးသည်ဇင်းမယ်အနီးတဝိုက်ရှိဒေသကို မိမိတို့နေထိုင် ရန်နေရာအဖြစ်ရွေးချယ်ခဲ့လေသည်။ သို့ သော်မိမိလူမျိုးများပြောင်းရွှေ့နေထိုင်သောအခါရှမ်းလူမျိုး များဝင်ရောက်နေ ထိုင်နေပြီးဖြစ်သည်ကိုတွေ့ရသည်။ ကျွ တွင်ကရင်များကရှမ်းများကိုသင်တို့သည် ကွဲပြားခြားနား သောတိုင်းပြည်တွင်နေထိုင်လော့ဟုကြိမ်ဆိုခဲ့လေသည်ငင်း ထိုင်းလူမျိုးများ သည်ယွှုထက်တိုင်အလွန်စုရုံးမှုရှိလိုပြီးတ ကွဲတပြားဖြင့် တရုပ်ပြည်ယူနန်နယ်ထဲတွင်အများအပြား နေပြီး၊အချို့မှာမူယိုးဒယားနှင့်မြန်မာပြည်တို့တွင်တကွဲတပြား နေထိုင်လျှက်ရှိသည်။ ဒေါက်တာဒေါ့၏ ထိုင်း လူ မျိုး [The Thai Race]စာအုပ်ထဲတွင်အထူးဖေါ်ပြ ချက်အရက ရင်နိုင်ငံသည်ဘီစီ၅၄၃ခုနှစ်ကတဲကတည်ရှိနေဟန်လက္ခ– နါရှိပြီးငင်းအချိန်နှင့်တပြိုင်နက်ဖြစ်သောအချိန်တွင်ဘီရှော့ ဥရှာ [Bishop Ussher]ရေးသည့်ရာဇဝင်အရထို အချိန် မတိုင်မှီဂျူးလူမျိုးများဘာဘီလုံမြို့ဖမ်းဆီးချုပ်နှောင်ခြင်းမှ လွတ်မြောက်လာသည်ကရင်နိုင်ငံပြိုကွဲပြီးနောကအချို့က ရင်မျိုးနွယ်များမှာ အရှေ့တောင်အာရှအင်ဒိုချိုင်းနား သို့ ငင်းအ ချို့မှာ အနောက်တောင်ဘက်မြန်မာနိုင်ငံ သို့ဝင် ရောက်နေတိုင်ကြသည် ကိုယနေ့ထက်တိုင် တွေ့မြင်ကြရ သည်။ ပထမအကြိမ်ထိုင်းလူမျိုးများ အမြောက် အများ ပြောင်းရွှေ့ရာတွင်ကရင်လူမျိုးအနည်းငယ်မျှဝါးမြိုခြင်းမ မခံရပါ၊ယိုးဒယားပြည်မြောက် ပိုင်းမှထွက်ခွါသွါးသည့်အ ရေအတွက်မှာလည်းပြောပလောက်သည်မဟုတ်ပါ။
စကောကရင်များ၏ရှေးလူကြီးသူမစကားအရထောမဲပါ နှင့်ဖူးတကယ်အိမ်ထောင်စုများသည်နောက်ဆုံးမြစ်တဖက် ကမ်းတွင်နေထိုင်ရာ၊ငင်းမြစ်သည် သံလွင်မြစ်ပင် ဖြစ်ဟန် လက္ခဏါရှိသည်၊ထောမဲပါသည်တောဝက်သိုးကိုနိုင်ခဲ့သည့် အကြောင်းသရုပ်ဖေါ်ထားသောလက်ာအားလုံးတို့တွင်သူအ သုံးပြုသောလက်နက်သည်ငင်း၏ဘခင်ဖူးမော်တော်အသုံး ပြုခဲ့သောလက်နက်ကဲ့သို့ပင်ဖြစ်ပြီးသံခေတ်ရောက်မှသုံး သောလက်နက်မဟုပ်ပေ(ကရင်ဘဝလေ့မောင်စင်ကြယ်) ဆရာလူးရွှေ၏လေ့လါချက်တွင်ကရင်လူမျိုးများသည်ထိုင်း နိုင်ငံမြောက်ပိုင်းကိုအေဒီ(၅)ရာစုနှင့်(၆)ရာစုကြားတွင်

ဝင်ရောက်ပြီးထိုင်းနိုင်ငံအနောက်တောင်ပိုင်းမြန်မာပြည်သို့ ဝင်ရောက်သွားကြောင်းထင်ရှားသည်။မြန်မာနိုင်ငံသမိုင်းဆရာတချို့ကကရင်များမြန်မာနိုင်ငံသို့ဆင်းလာရာတွင(၁)ဧ-ရာဝတီမြစ်ကြောင်း(၂)သံလွင်မြစ်ကြောင်း(၃)မဲခေါင်မြစ်ကြောင်းဟူ၍(၃)ကြောင်းဆင်းလာသည်ဟုဖော်ပြထားသည် စောအောင်လှအဆိုအရကရင်လူမျိုးများတောင်ပိုင်းသို့(၂)ကြိမ်ဆင်းလာရာတွင်မြန်မာပြည်သို့ဘီစီ(၁၁၂၅)တွင်တကြိမ် ဘီစီ(၇၃၉)တွင်တကြိမ်စုစုပေါင်း(၂)ကြိမ်ရောက်လာသည်ဟုဖော်ပြထားသည်။ မြန်မာသမိုင်းဆရာများ၏နောက်ဆုံးလေ့လာချက်အရကရင်များသည်မြန်မာများထက် စော၍ရောက်လာသည်ဟုတညီတညွတ်တည်းအတည်ပြုကြသည် ဆလပြုစုသော်ကမ္ဘာ့သမိုင်းအရမြန်မာလူမျိုးများသည်အေဒီ(၂)ရာစုတွင်မြန်မာပြည်တွင်းသို့ဝင်ရောက်လာသည်ဟုဖော်ပြထားသည်။ချာလ်းစ်အက်ဖ်ခီးယက်စ်[**Charles F. Keyes**]၏"ထိုင်းသမိုင်းမှကရင်များ" [**The Karen-in Thai History**]စါ တန်းတွင်ကရင် လူမျိုးများသည် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသတွင်မူလနေထိုင်ခဲ့သောလူ မျိုးဟုပ်မဟုပ်ဟူသော အချက်ကိုလေ့လာ တင်ပြထားသည်။ ပထမဦးစွာ"ဘန်ချူးစီစဝပ်၏"[**Bunchuai Sisawat**] ၏လေ့လာချက်ကိုအောက်ပါ အတိုင်းဖော်ပြ ထားသည်၊ "ကရင်များနေထိုင်ခဲ့သောလက်ရှိထိုင်းနိုင်ငံဒေသများသည် လက်ရှိထိုင်းလူမျိုးများသုဝဏ္ဏဘုံမိအစွန်း(တနင်္သာရီတိုင်း) သို့ဝင်ရောက်မလာ မီကထဲ ကနေ ထိုင်ခဲ့ခြင်း ဖြစ်သည်။ ဝင်ရောက်လာသောအရေအတွက်မှာ အနည်းအကျဉ်းသာဖြစ်သည်။လဝလူမျိုးများ၏ နောက်မှ ဝင်ရောက်လာခြင်းဖြစ်သည်။ ရှေးစာပေနှင့်မြောက်ပိုင်းမှတ် တမ်းများတွင် "လဝ"များဝင်ရောက်လာပြီးနောက် ယန်းသို့မဟုပ်ကရင်အုပ်စုများဝင်ရောက်လာပြီး

မြို့ပတ်လည်တောပိုင်းဒေသ တွင်နေ ထိုင်ကြသည်။ကရင်များသည်၎င်းတို့ကိုထိုင်းတို့၏အကိုကြီးဟုပြောတတ်သည်။ ၁၄-၁၅ ရာစုအစပိုင်းဇင်းမယ်ရှိလောရှမ်းဘန်းတော်ကြီးတပါးပါဠိလိုရေးသားခဲ့သော"ဟရီပုညာရ" သမိုင်းတွင် စရာစု၌ပထမဦးဆုံးတည်ထောင်ခဲ့သောဇင်းမယ်မြို့တွင် ကရင်များနှင့် လဝများအတူနေထိုင်ခဲ့ကြပြီး၊ ဇင်းမယ်မြို့တောပိုင်းဒေသတွင်နေ ထိုင်ကြသည်။ ကင်မလီနော့တန် [**Camille Notton]k**] ပြင်သစ် လိုရေးသား ထုတ် ဝေခဲ့သောမဟာထေရ်"ဖါးဘော့"[**Mahathera Farbot**] အကြောင်းသမိုင်း၏မှတ်စုတွင်"ဇင်းမယ်ကိုလဝအရှင်တပါးကတည်ထောင်ခဲ့ကြောင်းထို လဝအရှင် သည်မြို့ ကိုတည်တောင်ရန်လဝနတ်နှင့်ကရင်နတ်များကိုပူဇော်ပသခဲ့သည်ဟုရေးသားထားခဲ့သည်။

၁၉၆၁ခုနှစ်"ချားလ်စ်အာ-ချီန်းဘော" **Charles - Archaimbault**] မှတ်တမ်းပြုခဲ့သော လောရှမ်းတို့၏တဆင့်စကားတွင်ထိုင်းကရင်တို့၏အစောဆုံး ဆက်ဆံရေးကိုတင်ပြစေသည်။"ဇင်းမယ်[**Lanna** ]ဒေသ၏ကနဦးကာလကထိုဒေသတွင်နိုင်ငံငယ်နှစ်ခုရှိသည်။ ထိုနိုင်ငံနှစ်ခုအကြားမူလနေထိုင်ခဲ့သောကရင်များကမ ကောင်း သောလှည့်ပတ်ကြံစည်မှုဖြင့်ဘုရင်နှစ်ပါးသည်မိမိတို့နိုင်ငံများကိုစွန့်လွှတ်ခဲ့ကြရသည်"ဟုရေးသားထားသည်။ ၎င်းဒဏ္ဍာရီ ပုံပြင်သည်ဒေသတခုထဲတွင်နေထိုင်သောမြေပြန့်သားများနှင့်တောင်ပေါ်သားမူလလူမျိုးတို့၏ဆက် ဆံရေး ကိုဖော်ထုတ်ခြင်းခြင်းဖြစ်သည်။ ၎င်းအချက်ကိုအခြေခံပြီးအနောက်တိုင်းနှင့်ထိုင်း သမိုင်း ဆရာတို့ကကရင်များ သည်ထိုင်းနိုင်ငံ အတွင်းမူလနေ ထိုင်ခဲ့သောလူမျိုး အဖြစ်ဖော်ထုတ်ရေးသားကြသည်။ဂျိမ်းစ်ကော့နှင့် [**James Scoot**] နှင့်ဂျေ၊ပီ၊ ဟာဒီမင်[**J.P.Hardiman**]တို့ [**Gazeteer-Of Upper Burma And the Shan State**]တွင်ဖော်ပြရာ၌"ထိုင်းများသည်အယုဒ္ဓယကိုမတည်ထောင်မီအချိန်လောက်မှာ ပင် တောင်တန်း ဒေသမှ မြောက်ဘက် သို့ဝင်ရောက်လာပြီးဒေသခံတိုင်းရင်းသားကရင်များကိုမောင်းထုတ်ခဲ့သည်ဟု ရေးသားခဲ့သည် အထက်ပါ အချက် က "သီအိုဒိုစတန်းက"ထော့မဲပါ ပုံပြင် တွင်လည်းဖော် ပြထားလေသည်။၁၉၅၉ခုနှစ်ပါမောက္ခဂေါ်ဒွန်လု(စ်) [**Gorden Luce**]၏ဘာသာ စကားဆိုင်ရာသီအိုရီအ ရဘာသာစကားမြောက်များစွာကွဲပြားလျက်ရှိသော ဒေသသည်ထိုလူမျိုး တို့ကြာရှည်စွာ နေ ထိုင် ခဲ့သော ဒေ သသာလျှင်ဖြစ်သည်"ဟုဖော်ပြပြီးထို ဒေသသည်၊ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံအကြားတောင်ပေါ်ဒေသများဖြစ် သည်ဟုဖော်ပြခဲ့သည်။ဆက်လက်ပြီးလု(စ်)က"အရေအတွက်အားဖြင့်အရေး မကြီးသော်လည်းထိုင်း နှင့်မြန်မာပြည်တောင်ပိုင်းအရှေ့ တောင်တန်းဒေသများတွင်ရှိသောကရင်များသည်အချင်းချင်းစကားအားဖြင့်ကွဲပြားလှပြီး စိတ်ဝင်စားစရာကောင်းလှပေသည်၊ ထိုတောင် တန်းဒေသသည်ကရင်များ၏မျိုးပွားရာဒေသဖြစ်ပြီးတောင်ပိုင်းမြေပြန့်ဒေသနှင့်မြန်မာပြည်အရပ်ရပ်သို့ပြန့်နှံ့သွားသည်။အထက်ပါသဘောတရားပေါ်အခြေခံပြီးပါမောက္ခအာရ်ဘီ-ဂျုံးကဘာသာစကားအမြင့်ဆုံး ကွဲပြားခြင်းဖြင့်ထိုလူ မျိုးသည်ထိုဒေသတွင်မူလနေထိုင်ရာဖြစ်မည်ဆိုလျှင် ၎င်းဒေ သ သည်ထိုင်းနိုင်ငံမဖြစ်နိုင်ပါမြန်မာနိုင်ငံရှမ်းပြည်တောင်ပိုင်းဒေသသာလျှင်ဖြစ်မည် ၊ထိုဒေသသည်ဘာသာ စကားများစွာကွဲပြားသောအုပ်စုအများပြားတွေ့ရ သောကြောင့်ဖြစ်သည်။ ထိုနောက်အာရ်ဘီဂျုံးကပါမောက္ခလု(စ်)၏သမိုင်း လေ့လာရေးစနစ်ပေါ်အခြေခံပြီးကရင်သမိုင်းနှင့်ပတ်သက်၍အောက်ပါအတိုင်းမှတ်ချက်ချခဲ့သည်"ကျွန်ုပ်၏ခန့်မှန်းချက်အရ ကျွန်ုပ်တို့ခေတ် စောစောပိုင်းထက်မပိုသောကါလ၊မွန်များကမြန်မာပြည်တောင်ပိုင်းဒေသတွင်၎င်း၊ပျူများမှာ အနောက် အလယ်ပိုင်းတွင်၎င်း၊ ကရင်များမှာအရှေ့ တောင်တန်းတွင်၎င်း၊ နေထိုင်သည်ရှမ်း များရောက်လာချိန်တွင်စကောနှင့်ပိုးကရင် အချို့တို့ ကို တောင်ပိုင်းကွင်းဒေသသို့ကွဲထွက်သွားစေပြီး ပျူများနေ ထိုင်ရာဒေ

သထွင်ဝင်ရောက်ပူးပေါင်းစေလေသည်။ပါမောက္ခ ဂျုံး၏ လေ့လာချက်အရကရင်များထိုင်းနိုင်ငံ၌နေထိုင် လာသည်မှာ အခြားလူမျိုးနှင့်နိုင်းယှဉ်လျှင်နောက်ကျသည်ဟု သိခဲ့ရသည် ။၁၈ရာစုအကုန်မတိုင်မှီကာလထိကရင်များ သည် ထိုင်းနိုင်ငံသို့ရောက်မလာသေးဟုမှတ်ချက်ချခဲ့သည်။ဆက်လက်ပြီး၁၇ရာစုမတိုင်မှီအထိလောရှမ်းမှတ်တမ်းများမှတပါးကရင်များအကြောင်းရေးသားဖေါ်ပြချက်များမတွေ့ရပါ ဟုဖေါ်ပြထားလေသည်။လောရှမ်းနှင့် ကရင်များ ၏ ဖေါ်ပြချက်အရကရင်/ထိုင်းဆက်ဆံရေးသည်၁၃ရာစုထဲကဖြစ်သည်ကိုညွှန်ပြထားလေသည်။ သို့သော်ထိုင်မှတ်တမ်းများ၌မတွေ့ခဲ့ရပါအီး၊အာရ်၊လိချ်[E.R.Leach] ၏အဆိုအရယဉ်ကျေးမှုနှင့်ဘာသာစကားအရကွဲပြားသော လူမျိုးများအတွင်းတခါတရံတမျိုးနှင့်တမျိုးဆက်စပ်မှုရှိသကဲ့သို့ တွဲဖက်ခေါ်ဝေါ်လေ့ရှိကြသည်။ဥပမာအားဖြင့်ရှမ်း/ကချင်ချင်း/ဗမာ၊ယွမ်/လဝ၊ယန်/ထိုင်းစသည်တို့ဖြစ်သည်။ကရင်များသည်တောင်ပိုင်းဒေသတွင် မွန်နှင့်ငြင်း၊ အလယ်ပိုင်းဒေသတွင်ဗမာနှင့်ငြင်း၊ မြောက်ပိုင်းဒေ သတွင်ရှမ်းနှင့်ငြင်းဆက်ဆံခဲ့ကြရသည်။ရှမ်းများမှာ"ထိုင်း"စကားပြောသူများဖြစ်သည်။ချားလ်ခီးယက်စ်၏လေ့လာချက်အရ၊ထိုင်းမြောက်ပိုင်း၌ဖြစ်ပေါ်အသုံးပြုလာသော"ယန်"ဟူသောစကားနှင့်တွဲဖက်အသုံးပြုလာသော"ထိုင်း"ဟူသောစကားသည်၊ကရင်လူမျိုးများထိုင်းမြောက်ပိုင်း၌နေထိုင်ခဲ့ကြောင်း ဖေါ်ပြမဟုပ်ဘဲ"ထိုင်းစကား ပြောသောရှမ်းပြည် ဒေသ ကိုဆို



မျက်မှောက်ခေတ်ကရင်လူမျိုးများ ဘာသာရေးပွဲကျင်းပစဉ်။

( မဲဆောက် )

ခြင်းဖြစ်သည်ထိုင်းလူမျိုးများ မြောက်ပိုင်းတွင်အ ခြေချလာသောအခါ မူလနေထိုင်လျက်ရှိသော မွန်တို့မှအတွေးအမြင်များကိုဆက်ခံရရှိကြသည် အလားတူပင်ထိုင်း နိုင်ငံမြောက်ပိုင်းဇင်းမယ်ဒေသနိုင်ငံတည်ဆောက်ခဲ့ သောအကြီးအကဲများသည် လည်းယန်/ထိုင်း စကား ကိုတောင်ပိုင်းရှမ်းပြည်နယ်မှရရှိလာပုံရသည်။ ၎င်းဒေသသည်ကရင်အများဆုံးနေထိုင်ခဲ့သော ဒေသဖြစ်သည်ထို ကြောင့် ကရင်များသည်၁၈ရာစုမတိုင်မီအထိသိသာထင်ရှား လောက်သောအရေ အတွက်ဖြင့် မြောက်ပိုင်းထိုင်း နိုင်ငံ တွင်ဝင်ရောက်လာခြင်းမရှိခဲ့ပေဟုမှတ်ချက်ချခဲ့သည်။



ကရင်လူမျိုး ( တာလခုံး )၊ဘာသာဝင်များ ဆင်ဖြူပူဇော်ပွဲ ကျင်းပစဉ် ( ကောသဒံ )

စာမျက်နှာ(၁၂)၏ မှ

တယ်။ဒါပေမဲ့တခု သတိထားရမှာက ပဒေသရာဇ်ခေတ်ကာလမှာ သမိုင်းဆိုင်ရာအထောက် အထားတွေအားလုံး နီးနီးပျောက်ကွယ်သွားရတဲ့ လူမျိုးစုတွေ အတွက်သမိုင်းပျောက်ကွယ်သွားရမဲ့ အခြေအနေမျိုးကိုလည်း သတိပြုရမှာဖြစ်တယ်။လက်တွေ့ ကျကျပြန်လည်သုံးသပ်နိုင်စရာမရှိတဲ့ဒဏ္ဍာရီစာအုပ်ကိုချည်းအခြေခံတဲ့သမိုင်းမဖြစ်ဖို့လည်းရှောင်ကျဉ်ရမှာဖြစ်တယ်၊ အဲဒီတော့ သမိုင်းမှန်ရဖို့ဆိုတာ လူမျိုးစုံလူ့အဖွဲ့အစည်းကို ပထမဦးဆုံးတိုးဝင် ချဉ်းကပ်သင့်ပါတယ်။ စာအုပ်ပုံထဲကမွေနှောက် ရှာဖွေတဲ့စနစ်က လူ့အဖွဲ့ အစည်းအတွင်း ကိုတိုးဝင် လေ့လာမယ် ဆိုရင် မြန်မာပြည်လူမျိုးစုံရဲ့ပုံလွှာဟာထင်ထင်ရှားရှားပေါ်ပေါက်လာလိမ့်မယ်လို့ယုံကြည်မိပါကြောင်းတင်ပြလိုက်ပါတယ်။

# ကရင်လူမျိုးများအခြေအနေ

ကရင်လူမျိုးများ၊ ထိုင်းနိုင်ငံမြန်မာနိုင်ငံတို့သို့ဝင်ရောက် နေထိုင်ခဲ့သောအချိန်ကာလသည် လေ့လာသူများအတွက် ပဟေဠိဖြစ်နေသည်၊ထိုသို့ဖြစ်ရခြင်းမှာထိုလူမျိုးတို့တွင်သ မိုင်းကြွင်းပစ္စည်းများသက်သေပြစရာမရှိသလောက်ရှားပါး နေသောကြောင့်ဖြစ်သည်။ကရင်လူ့အဖွဲ့အစည်းတွင်ကြွင်း ကျန်ခဲ့သောတဆင့်စကားများသည်ဒဏ္ဍာရီမျှသာဖြစ်ပြီးက ရင်သမိုင်းလေ့လာမှုတွင်ယူဆစရာအမျိုးမျိုးအဖြစ်ရှိနေသေး သည်မည်သို့ပင်ဖြစ်စေ၊ကရင်လူမျိုးသည်ထိုင်း နှင့်မြန်မာ နိုင်ငံနှစ်နိုင်ငံသမိုင်းတွင်ထူးခြားသောဆောင်ရွက်ချက်များ ဖြင့်ကမ္ဘာသိထင်ရှားစွာတည်ရှိနေကြပြီးဖြစ်သည်။ထိုင်းနိုင်ငံ ကရင်အမျိုးသားများနှင့်ပတ်သက်၍ဟာဝေယ်တက္ကသိုလ်မှ ရော်နယ်ဒီ၊ရီနတ်၊[Ronaod D. Renard]၏လေ့လာချက်ကို တင်ပြလိုက်ပါသည်။ "၁၇၈၂-၁၈၇၃" ဘန်ကောက် ခေတ်၊အစောပိုင်းကာလထိုင်းလူ့အဖွဲ့အစည်းအတွင်းကရင် များ၏၊ အရေးပါမှုတရပ် ကိုလေ့လာတင်ပြထားသောစာ တမ်းတစောင်ဖြစ်သည်အတိုချုပ်၍ဆီလျှော်သလိုအဓိပ္ပါယ် ပေါ်အောင်ဘာသာပြန်ထားသည်။ "၁၇၅၃-၁၈၂၅" ကုန်းဘောင်ခေတ်မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသ မွန် မြန်မာစစ်ပွဲနှင့် ထိုင်းနိုင်ငံ ဇင်းမယ်နှင့်အလယ်ပိုင်းဒေသ ဖြစ်ပွါးခဲ့သောထိုင်းမြန်မာစစ်ပွဲ ကာလများတွင်၊ ကရင်လူ မျိုးများစစ်ဘေးဒဏ်ကိုဆိုးရွားစွာခံခဲ့ရသည်။အကြောင်းမှာ ကရင်များသည်နှစ်နိုင်ငံထိုဒေသများတွင်နေထိုင်ကြသော ကြောင့်ဖြစ်သည်၊မြန်မာနိုင်ငံအလောင်းဘုရားလက်ထက် မှသူ၏သားတော်နှစ်ပါးဖြစ်သော ဆင်ဖြူရှင်နှင့်ဘိုးတော် ဘုရားလက်ထက်၊ဘခင်အရိုက်အရာကိုဆက်ခံပြီးနောက်ပိုင်း အထိထိုင်းနိုင်ငံကိုနှစ်ပေါင်း "၆၀"မျှ ဆက်လက်စစ်ပြု တိုက်ခိုက်ခဲ့သည်။ ထိုစစ်ပွဲ ကာလ ထောင်ပေါင်းများစွာ သောမြန်မာဘုရင်တပ်သားများသည်၊ ကရင်ကျေးရွာများ သို့ဝင်ရောက်ပြီး အဓမ္မ ချောဆွဲ၍လူ အင်အား ဖြည့်ခဲ့ သည်။အင်အားမမျှသောကရင်များသည်မြန်မာဘုရင်တပ် ၏တိုက်ခိုက်မှုကိုရှောင်ရှားရန်တောတွင်းသို့ဝင်ရောက်ပုန်း အောင်းကြရသည်။ တခါတရံ ခုခံ တိုက်ခိုက် သည်။ထို့ ကြောင့် မြန်မာများသည်၊ ကရင်များ နေထိုင်သော တောင်ပေါ် ဒေသများသို့ မသွါးဝံ့ ကြပေ။ မည်သို့ ပင်ဖြစ်စေ ထိုင်းမြန်မာစစ်ပွဲကာလ ထောင်ပေါင်းများစွာ သောမြန်မာဘုရင်တပ်များသည်၊ ကရင်များနေထိုင်သော တောင်တန်းများကိုဖြတ်ကျော်၍အတင်းအဓမ္မချောဆွဲခြင်း များကြောင့်ကရင်များကထိုင်းများကိုယေဘုယျအားဖြင့်ပိုမို လိုလားကြသည်။ မြန်မာ မှန်နန်းရာဇဝင်ဖေါ်ပြချက်တွင် ဘိုးတော်ဘုရား လက်ထက် ဘုရားသုံးဆူမှတဆင့် ထိုင်း နိုင်ငံသို့ဝင်ရောက်စစ်ပြုသောကာလ ၁၇၇၅-၁၇၈၅ခုနှစ် တွင်ကရင်များသည်ထိုင်းနိုင်ငံအတွက် ထောက်လှမ်းရေး အဖြစ်အမှုထမ်းကြသည်၁၇၈၅ခုနှစ်တွင်"ကျောက်ခေါင်း" [Kyauk Kaung] ၏ သတင်းပေး ချက်ကြောင့် ပထမ မြောက်ရာမဘုရင်နှင့် ထိုင်းဘုရင့်တပ်မတော်သည်မြန်မာ များကို ထဒင်းဒျင်[ThaDinDaeng] ဒေသတွင် ဝိုင်းဝန်း တိုက်ခိုက်လိုက်သည်၊ဟုဖေါ်ပြထားသည်၊ပထမမြောက်ရာမ [Rama i]ဘုရင်ရေးသားခဲ့သောခရီးသွါးမှတ်တမ်းနှင့်ထိုင်း ရာဇဝင် တွင် ကရင်များနှင့် ပတ်သက်၍ ဖေါ်ပြခဲ့ခြင်းမ ရှိပါ၊ သို့သော် ထိုင်းဘုရင် ကိုယ်ရေး မှတ်တမ်းတွင် ကန်ချနဘူရီ [Kan ChanaBuri] ဆိုင်ယုတ် [Sai Yok] နှင့်စီစဝပ် [Sisawat] မှ လိုအပ်သော သတင်းများကို ရခဲ့သည်ဟုဖေါ်ပြထားသည်။ စီစဝပ်သည်၊ တတိယတန်း စားပြည်နယ်အဖြစ်ဖြင့်နယ်ခြား ကာကွယ်ရေးတာဝန်များ ကိုထမ်းဆောင်ပြီး၊၁၉၆၀မှမှစ၍ ကရင်လူမျိုးများနေထိုင် သောဒေသဖြစ်ခဲ့သည်၊၁၈၆၆ခုနှစ်တွင်ကရင်များကိုယ်ပိုင် အုပ်ချုပ်ခွင့် ရလာခဲ့သည်။ မြန်မာသမိုင်း ဆရာ များက ထိုင်းမြို့ပြအုပ်ချုပ်ရေးစနစ်ကိုအကျွမ်းမဝင်၍ထောက်လှမ်း ရေးများသည် ကျောက်ခေါင်း မှလာသည်ဟု သာသိ ရှိပုံရသည်။ ကျောက်ခေါင်းဒေသသည် ထိုင်းအုပ်ချုပ်ရေး အရ သာမည အဆင့်သာရှိသည်၊ စီစဝပ်၏ ထိမ်းချုပ်မှု အောက်တွင်ရှိသည်။ စီစဝပ်ကို ကရင်များ ၁၇၈၅ခုနှစ်က တည်းကအုပ်ချုပ်ခဲ့ရပြီးကျောက်ခေါင်းရှိကရင်များအပေါ် ဩဇာရှိပုံရသည်။ ကျောက်ခေါင်း မှာမဲ့ကျလောင်[Mae Klong] မြစ် အထက်ပိုင်း တွင်ရှိပြီး စန်ခရဘူရီ၊ [Sang Khala Buri] ဟုလည်းခေါ်သည်။ ၁၈၃၉ခုနှစ်ဗြိ တိသျှအရာရှိ ဒေးဗစ်ရစ်ချပ်ဆင် [David Richsrd Son] သည်၊ ဘုရားသုံးဆူဒေသကို ဖြတ်ကျော်ခဲ့ပြီး ခရီးသွား မှတ်တမ်းရေးရာတွင်စန်ခရဘူရီကိုအုပ်ချုပ်သောဖရာ့စုဝမ် [Phra Su Wan] သည် ခယန့်ခေါင် [Kient Khaung] ဟူသောဒေသတွင်နေထိုင်သည်ဟုဖေါ်ပြသည်၊၎င်းနယ်စပ် တလျှောက်တွင်မွန်၊မြန်မာက ရင်၊ထိုင်းအမည်များပေးထား သည်၊ကျွဲအချက်ကိုရစ်ချပ်ဆင်အနေနဲ့အရှေ့တောင် အာရှ အခေါ်အဝေါ်များကိုမပီသသည့်အပေါ်အသံထွက်ကွါခြား ပုံရသည်။ကျောက်ခေါင်းနှင့်ခယန့်ခေါင်သည်ဘုရားသုံး ဆူတောင်ကြားနှင့်တပြေးတည်းကီလိုမီတာ(၂၀)၊အကွာယွှ

တည်ရှိသော စန်ခရ ဘူရီသာဖြစ်သည်။ စန်ခရဘူရီ [Sang khala Buri] နှင့်ပတ်သက်၍မင်းသား နရီဆူအင် နှင့် [Naresuan] ညီအက္ကာထိုစာရော့ [Ekatho sarot] ကာ၁၅၃၈ခုနှစ်ပဲခူးကိုတိုက်ခိုက်ရန်ဖြတ်သွါးကြောင်းပထမဦးစွာဖေါ်ပြခဲ့သည်။ သို့သော်ယုဒ္ဓယသမိုင်းတွင်ထပ်မံဖေါ်ပြခြင်းမရှိတော့ပါ။ ကုန်းဘောင်ခေတ်အယုဒ္ဓယကိုတိုက်ခိုက်ခဲ့စဉ်ကစန်ခရဘူရီကိုမီးရှို့ဖျက်ဆီးသွားခြင်းဖြစ်ဟန်တူသည်။တါ့က်ဆင်[King Taksin]နှင့်ပထမမြောက်ရာမလက်ထက် ထိုင်းနိုင်ငံအင်အားတောင့်တင်းလာပြီးစန်ခရဘူရီကိုနယ်ခြားအုပ်ချုပ်ရေးဖြစ်ပြန်လည်တည်ရှိစေခဲ့သည်။တါက့်ဆင်နှင့်ပထမမြောက်ရာမလက်ထက်ကရင်အများအပြား ဘုရားသုံးဆူဒေသရှိ စခန်းများနှင့် ဆက်သွယ်ရောက်လာပြီး အခြေချနေထိုင်လာကြသည်။ ၁၇၇၀ခုနှစ် ကရင်အမျိုးသား (၁၀၀)ခန့် ဘုရာသုံးဆူကို ဖြတ်ကာရောက်လာပြီး သံခရား ချောင်း [Songkalia] မက္ကဝ ဒေသ [Mekawa] တွင် နေ ထိုင်ကြသည်။ နောင်တွင် ဘီးခီး ချောင်း (Bikki'} သံခရား ချောင်းဘန်တီချောင်း (Banti) ချောင်းသုံး ချောင်းဆုံရာမြေပြန့်ဒေသယ္ခုစန်ခရဘူရီတည်သောနေရာတွင်အခြေချနေထိုင်ကြသည်။ ကရင် များသည် မက္ကဝ ကို အသင့်တော်ဆုံးနေရာအဖြစ်ယူဆကာအခြေချပြီး၁၇၈၅မှ၁၈၈၂ ခုနှစ်အထိ၊ ထိုင်းလက်အောက်ခံအဖြစ် နေထိုင်ကြသည်၊ ထိုကရင်များသည်နရီဆူအင်နှင့်နရိုင်တို့လက်ထက်မှတ်တမ်းပြုခဲ့သောထောက်လှမ်းရေးအဖွဲ့ ဟုတ်မဟုတ်မသိရသော်လည်းအဆိုပါ အဖွဲကဲ့သို့ ထိုင်း အုပ်ချုပ်ရေးနှင့်အဆက်အသွယ်ရှိခဲ့သည်။ထို ကရင် အဖွဲ့ ခေါင်းဆောင်တဦးကို ကန်ချနဘူရီသို့ စေလွှတ်ပြီး တရားဝင် နေထိုင်ခွင့်ပြုရန်တောင်းဆိုခဲ့သည်။ ကန်ချနဘူရီ ဘုရင်ခံကနေထိုင်ခွင့်ပြုသည်သာမကအဆိုပါခေါင်းဆောင်ကို စန်ခရဘူရီအကြီးအကဲခန့်ထားလိုက်သည်။ ကရင်များစန်ခရဘူရီကို အုပ်ချုပ်ရန် အသိအမှတ်ပြုခြင်းသည် အနောက်ဘက်နယ်ခြားပြန်လည်တည်ဆောက်ရေးပေါ်လစီ၏အစိတ်အပိုင်းတရပ်ဖြစ်သည်။ ပထမမြောက်ရာမ ဘုရင်သည်ဘန်ကောက်နှင့်ဘုရားသုံးဆူဒေသအကြားအရေးပါသောမြို့အဖြစ် ကန်ချနဘူရီကို ပက်ပရပ်[က်] {Pak Phraek} ၌ပြန်လည် တည်ဆောက်ခဲ့သည်။ ကွေ့ယိုင် [Khwai Yai] ၏ပထမမြို့ကိုမြန်မာများ မီးရှို့ဖျက်ဆီးခဲ့သည်၊ ပက်ပရပ်[က်]တွင်တည်ဆောက်သောမြို့သစ်မှာဘန်ကောက်သို့ချီတက်မည့်မြန်မာ များအားဟန့်တား နိုင်လိမ့်မည်ဟု ပထမမြောက်ရာမဘုရင်ကယူဆထားသည်။ ထိုနောက် အနောက်ဘက်ကာကွယ်ရေးအတွက်လှေဆိပ်မြို့ခွင့်ဥပဒေကို၁၈၁၁ခုနှစ်တွင်ထုတ်ပြန်ခဲ့သည်။ကျွဲနည်းဖြင့်ကာကွယ်ရေးအတွက်လိုအပ်သောအင်အားများရရှိလာသည်။

ပထမမြောက်ရာမ ဘုရင်ကပြီးခဲ့သော စစ်ပွဲများကြောင့် လှေဆိပ်လပ်သူအများအပြား ကျေးကျွန်ဘဝသို့ရောက်ကြရသည်ကိုသတိပြုမိသည်။၎င်းစနစ်ကို တားဆီးလိုက်ခြင်းဖြင့် မြန်မာပြည်မှ ပြောင်းရွှေ့လာကြသူများကိုလည်းလမ်းဖွင့်ပေးရာရောက်မည်၊ ကျွဲနည်းဖြင့် ကရင်အများအပြားဝင်ရောက်လာပြီး ထိုင်းနိုင်ငံ ၏လူဦးရေကို တိုးပွါးစေမည်ဖြစ်သည်။ဘုရင်သည်နယ်စပ်အတွင်းသို့ ဝင်ရောက်မည့်မွန်ကရင်များအတွက်အနောက်ဘက် ဒေသတွင်ရိက္ခာများသိုလှောင်ထားစေသည်၊ထိုလူမျိုးများကိုထိုင်းနိုင်ငံအတွင်းမြန်မာ ဆန့်ကျင်ရေးအင်အားစု များအဖြစ် အသုံးချနိုင်မည်ဖြစ်သည်။ဒုတိယမြောက်ရာမဘုရင်သည်ကရင်ခေါင်းဆောင်ကိုအနိမ့်ဆုံး ဝန်ထမ်းအဖြစ်ခွန် [Khun] ဘွဲ့ကို "စုဝမ်" [Suwan] ပေါင်းစပ်ပြီး ခွန်စုဝမ် အဖြစ်နာမည်ပေးခဲ့သည်၊ ဘန်ကောက်ခေတ် အစောပိုင်း ကာလထိုင်းပြည်ပြည်နယ်အုပ်နယ်အုပ်ချုပ်ရေးအရခွန်ဆိုသည်မှာခရိုင်စီရင်စု [Tambon District] ထက်မြင့်ပြီး ပြည်နယ် [Muang Provcine]ထက်နိမ့်သောနယ်ပယ်စား[Kwaeng Principality] အဆင့်ရှိသည်။ စန်ခရဘူရီသည် စီစဝပ်ကဲ့သို့တတိယအဆင့်ပြည်နယ်အမျိုးအစား [Third Class -Province] တွင် ပါဝင်ပြီး နယ်ခြား ကာကွယ်ရေးကိုတာဝန်ယူရသည့်အဖွဲ့ဝင်(၅၀)ပါသော အမျိုးသားကောင်စီဖြင့် စန်ခရဘူရီ ကိုအုပ်ချုပ်သည်၊ ပထမ မြောက်ရာမဘုရင်လက်ထက်စီစဝပ်တွင်အမှုထမ်းခဲ့သောကရင်များကိုထောက်လှမ်းရေးအဖွဲ့ခရွန်အာထာမ[Krom Atamirt]–
–[Spy division] သို့ပြောင်းလဲလိုက်ပြီး စန်ခရဘူရီမှကရင်များနှင့် တွဲဘက်ထားလိုက်သည်၊ ၎င်းတို့သည်၊ မြို့တော်သို့သတင်းပေးပို့ခြင်းနယ်စပ်မှ ဖြတ်ကျော်လာသောမြန်မာ ထောက်လှမ်းရေးများကို ဖမ်းဆီးခြင်း မြန်မာမြို့ကြီးများအား ထောက်လှမ်းခြင်း များကို ဒေသခံများနှင့်ဆက်သွယ်ပြီးစေလွှတ်ခဲ့သည် စန်ခရဘူရီ ကရင်များသည်စုံစမ်း ထောက်လှမ်းရေးများအဖြစ် ၁၈၂၂ခု နှစ်ကတည်းကထမ်းဆောင်ခဲ့ကြောင်းစာစွာကပင်တင်ရှားပြီးဖြစ်သည်၊ ခွန်စုဝပ် [Khun Suwat]၏သားခွန်ဖိနစ် [Khun Phinit] သည်ကရင် (၃၀) နှင့်မွန် (၇၄) ယောက်ပါဝင် စေပြီး ထောက်လှမ်းရေး အဖွဲ့တဖွဲ့ ကိုင၎်း နှစ် အတွင်းဖွဲ့စည်းခဲ့သည်၊ နှစ်ရက် အကြာ မြန်မာ နှစ်ဦးကို ဖမ်းဆီး နိုင်ခဲ့သည်၊ ကရင်များပါဝင်ဆောင်ရွက်မှုသည် အနောက်ဖက်စစ်မျက်နှာတွင် မြန်မာ၏ အန္တရာယ်ကို အမြဲတစေစိုးရိမ်ရသော ထိုင်းဘုရင်အတွက် အောင်မြင်စွာစွန့်စားဆောင်ရွက်ပြလိုက်ခြင်းဖြစ်သည်၊ကရင်များသည်နယ်ခြားထောက်လှမ်းမှုနှင့်ကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်ပြီးထိုင်းနိုင်ငံ၏အုပ်ချုပ်ရေးကိုအားဖြည့်ပေးသည်သာမကအခွန်စည်းကြပ်မှုတွင်အရေးကြီးသောတော

ထွက်ပစ္စည်းများဖြင့်အခွန်ပေးဆောင်ခြင်းဖြင့်ထိုင်းနိုင်ငံ၏ ပြင်ပကုန်သွယ်မှုကိုမြှင့်တင်ပေးခဲ့သည်။ ၁၇၈၄ခုနှစ်တရုပ်ပြည်ပီကင်းသို့ကုန်သွယ်ရေးတွင် လိုအပ်သော သစ်တောထွက်ပစ္စည်းဖြစ်သောဆင်ကြံ့ချိုဖါလာစေ့အတုဆင်စွယ်၊ငရုပ်ကောင်း၊ခေါင်းမွှေး၊ကရမက်၊ပတ္တမြားနီလာပိန်ညင်းငှက်မွှေး၊ရှားစေး၊လေသွင်း၊ပွဲညွှက်တင်ပို့သည်။ ဂျပန်သို့တင်ပို့သောဆင်စွယ်ရုပ်ထုအသားခြောက်၊ဆိုင်ဂုံသို့တင်ပို့သော ယမ်းစိမ်းနှင့်ခဲသတ္တုများ။ဟန်ကျိုင်းတင်ပို့သောသံဖြူ၊ အိန္ဒိယသို့ဆင်များ။ မနီလာသို့သံများ၊ကော်နီယိုသို့ ချိပ်များကို ၎င်းအခွန်အဖြစ်ပေးဆောင်ခဲ့ကြသည်၊ကရင်များသည်ထိုင်းစီးပွါးရေးအတွက်အရေးကြီးသော ကုန်ထုတ်စွမ်းအားစုအဖြစ်၁၉ရာစုစောစောပိုင်းအထိရပ်တည်နေခဲ့ခြင်းဖြစ်သည်။ အခွန်ပေးဆောင်သောကရင်များလာခြင်းနှင့်ထိုင်းလူ့အဖွဲ့အစည်းတွင်ကရင်များကိုပိုမို သိမ်းသွင်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ကရင်အားလုံးသည်လွတ်မြောက်သူများ မဟုတ်ကြပါ။စန်ခရာဘူရီကရင်နှင့်စီစဝပ် ကရင်များသည်ချို့ယွင်းချက်အနေနဲ့၎င်းတို့၏ တရားဝင်မှု အခြေအနေမှာ ပိုမိုမြင့်မားခဲ့သည်။ ထိုင်းဘုရင် များသည် ထိုင်းလူ့အဖွဲ့အစည်းအတွင်းကရင်များပိုမိုများပြားလာရေးတွင်စန်ခရာဘူရီနှင့်စီစဝပ်ခေါင်းဆောင်များကို ပိုမိုတွန်း အားပေးခဲ့သည်။ စန်ခရာဘူရီ မှခေါင်းဆောင်သည် စီစဝပ်မှ ခေါင်းဆောင်ထက်ဘုရင်၏ညွှန်ကြားမှုကို ပိုမို တက်ကြွစွာလုပ်ဆောင်ခဲ့သည်။ ၁၈၂၄–၂၆ အင်္ဂလိပ် မြန်မာစစ်ပွဲတွင်အင်္ဂလိပ်မှတနင်္သာရီ ဘိတ်နှင့် ရခိုင်ကိုရယူလိုက်သည်။အင်္ဂလိပ်ပိုင်နယ်မြေသည်ထိုင်းပိုင်နယ်မြေနှင့်ထိစပ်လျှက်ရှိရာကရင်များသည်ထိုင်းနိုင်ငံအတွက်ပိုမိုအရေးကြီးသော အခန်းကဏ္ဍတရပ်ဖြစ်လာပြန်သည်။ အင်္ဂလိပ်က မြန်မာကိုအောင်နိုင်ပြီး ထိုင်းနိုင်ငံကိုခြိမ်းခြောက်ခြင်း မရှိသော်လည်းမြန်မာပြည်ကိုအလွယ်တကူ သိမ်းပိုက်နိုင် ခြင်းသည်ထိုင်းနိုင်ငံအတွက်စိုးရိမ်စရာဖြစ်လာသည် ။၁၉၂၄–၂၆ ခုနှစ်ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီး ထိုင်း ကို တိုက်ခိုက်မည့်သတင်းလည်းမြို့တော်သို့ပံ့နှံ့လာသည်။ တတိယမြောက်ရာမဘုရင်သည်၊ ကန်ချနဘူရီ ဘုရင်ခံ အားဝါးခံကတုတ်များ တည်ဆောက် ကြရန် ညွှန်ကြားချက် ပေးပြီး စစ်ကူများဖြင့်အားဖြည့်ထားသည်၊ ၁၈၃၁၊ ခုနှစ်တွင် ဝါးခံကတုတ်များကိုတည်ဆောက်ပြီးရှေ့တန်းအခိုင်အမာစခန်းအဖြစ် ကျေညာခဲ့သည့်မြို့များကို ခရိုင်ကျေးရွာများကိုမြို့နယ်သတ်မှတ်ပေးလိုက်သည်၊ တတိယမြောက်ရာမ ဘုရင်သက်ထက်မွန်မြို့နယ်(၆)ခုရှိသည်။စီစဝပ်သည်လည်းမြို့နယ်တခုဖြစ်လာသည်။စန်ခရာဘူရီမှာ၁၈ရာစုကတည်းကမြို့နယ်ဖြစ် သော်လည်း ထပ်မံ သတ်မှတ် ပေးလိုက်သည်၊ ထိုအချိန်တွင် စန်ခရာဘူရီတွင်အိမ်ထောင်စု (၇၀) သာရှိပြီး အိမ်တောင်စု(၄၀)သာအရေး

ပေါ် စစ်မှုထမ်း နိုင်သည်၊ မြို့နယ်များကို ပြန်လည်သတ်မှတ်သည်မှာ၁၈၂၇ထက်မစောပါ၊ထိုင်းနယ်မြေသတ်မှတ်မှုကိုဖြတ်သျှ မှဘာသာပြန်ရာတွင် စီစဝပ်နှင့် စိုင်ယုတ်သာပါပြီးစန်ခရာဘူရီမပါချေ၊စန်ခရာဘူရီမှာစီစဝပ်မြို့နယ်ထဲတွင်ပါခဲ့ဟန်တူသည်၊ စန်ခရာဘူရီကို မြို့နယ် အဆင့်သတ်မှတ်ချက်သည်၊ ၁၉၂၉ စန်ခရာဘူရီ အနီး "သံခရား" [Song Khalia] ချောင်းတွင် ကရင် စော်ကဲတဦးကိုတွေ့ပြီးဖရာ့စုဝမ်[ Phra Suwan လက်အောက်တွင်အမှုထမ်းသည်ဟုဖေါ်ပြထားသည်။ဖရာ့စုဝမ်မှာတတိယမြောက်ရာမဘုရင်ကကရင်အကြီးအကဲအားပေးခဲ့သောဘွဲ့အတိုကောက်ဖြစ်သည်အပြည့်အစုံမှာ ဖရာစီစုဝမ်ခီရီ[Phra Sisuwan -Khiri]ဖြစ်သည် ရွှေတောင်ကို အစိုးရသော အရှင်ဟုအဓိပ္ပါယ်ရသည် အမည်ရင်းမှာ ဖူးဝါးဖိုး Phu wa pho] ဖြစ်သည်၊ ၎င်းဒေသမှာရွှေစများ ကွက်ကျားထွက်သည်။ ၎င်းအချိန်သည်စန်ခရာဘူရီသည်ရှေ့တန်းစခန်းမဟုတ်တော့ပေ။စီစဝပ်မှသီးခြားခွဲထွက်လိုက်သောမြို့နယ်တခုဖြစ်သည် ၁၈၄၅ခုနှစ်တတိယမြောက်ရာမဘုရင်သည် ကော့သောင်းမှချင်းမိုင် [ChangMai] ထိ နယ်ခြား စခန်းများကို အင်အားဖြည့်ရာတွင်မြောက်ပိုင်းရဟိုင်း [Tak] မှလပ်ချ်ဘူရီ {Rat Buri}ထိ ကရင်များအားကြီးကြပ်စေသည် မွန်နှင့်လာအို စစ်သုံးပန့်များဖြင့်အလယ်ပိုင်းတွင်ရှိသော ကရင်ပုလိပ် များကို အားဖြည့်ပေးလိုက်သည်။ ၁၉ ရာစုနယ်ခြားစခန်းများကို အမျိုးအစား ခွဲရာတွင် စခန်းအရွယ်အစားလူဝင်လူထွက်အရေးပါမှုကြီးကြပ်သူ၏ ခေါင်းဆောင်မှုအရည်အချင်းရာသီဥတုနှင့်ဖြစ်ပွါးသော ရောဂါအပေါ်အခြေခံသည်။လူဝင်ခွဲ၊ ထွက်နည်းသောနေရာများခွဲမိုးကာလခွဲအစောင့်မရှိပါ၊ ၁၈၄၅ခုနှစ်ဘန်ကောက် [Bangkok] အုပ်ချုပ်ရေးကိုရဟိုင်း[Tak] မြောက်ပိုင်း ထစောင်ယန်း [Tha Song Yang]သို့တိုးချဲ့သောအခါ ထိုဒေသများသည် ကရင် အများစုနေထိုင်သော ဒေသ များဖြစ်သည်။ နယ်ခြား ကာကွယ်ရေး လုပ်ငန်းများကိုလည်း ကရင်များသာ ဆောင်ရွက်ပုံရသည်။သို့သော်မှတ်တမ်းများမရှိခဲ့ပါ။ရဟိုင်း [Tak}အုပ်ချုပ်ရေးမှာမိုအေ [[Moes] မြစ်အရှေ့တောင်ဘက်ဇမိ[Samme]ချောင်းစီးရာတောင်များအထိဖြစ်သည် နယ်ခြားစောင့်အကြီး အကဲမှာ်ဖရာ့အင်တာရာဂီရီ[Phra Inthara] ဖြစ်သည်မဲဆောက်နှင့်နီးပြီးအ ရေးပါသော မယ်လမိုးနှင့်တာက် [Tak] နယ်ခြားစခန်းကိုကူညီရသည်၊ ထိုင်းဥ္စါနီ [U Thani] မိုးအေးမြစ်ရေဝေကြောတလျှောက်တောင်ဘက်စောင့်ကြပ်ရသည်"ဖရာ့မဲ့ကျလောင်"[Phra Mae Klong] သည် ကရင်လူမျိုးအရာရှိတယောက်ဖြစ်ပြီး ကွေ့ယိုင်ချောင်းဖျားတွင်ရှိသော ဒေသကိုသူ့အားဂုဏ်ပြုသောအားဖြင့်သူ့၏နာမည်ဖြင့် [Unphong] ဟုခေါ်သည်။

၎င်းသည်ထိုင်းများအားကူညီခဲ့သည်၊ ဗြိတိသျှအရာရှိများ မယ်ကျလောင်ကိုတွေ့ရှိခဲ့သောကာလ၊ကရင်များစီစဝပ်ကို အုပ်ချုပ်ခြင်းကို၁၈၆၆တိုင်မီထိသက်သေမပြနိုင်သေးပါ။ ကရင်နယ်ခြားစောင့်များသည်ဘုရားသုံးဆူအနီးမဲ့ကျလောင် နယ်ခြားဦကျောက်ပုံများတည်ထားရာဗြိတိသျှအရာရှိ၊ကာနယ်ဘာတာဝါသ်[Colonel Buther Worth] က၊ ထိုင်းဖက်မှမှားယွင်းမည်ကိုစိုးရိမ်ခဲ့သည်။ ၁၈၆၀ တွင် ဖရာ့မယ် ကျလောင်မှာအိမ်းနေပြီဖြစ်၍နယ်ခြားစောင့် ကြည့်ရေးထက်အရှိန်အဝါဖြင့်ဓါးပြများကိုခြောက်လှန့်ရှုံ လောက်သာရှိတော့သည်။ စီစဝပ်နှင့် စန်ခရဘူရီ အကြီး အကဲများသည်မယ်ကျလောင်မှဘုရားသုံးဆူအထိတာဝန် ယူရသည်၊ဘုရားသုံးဆူတောင်ပိုင်းမွန်မြို့နယ်များမှာထုံပါ ဖွန်[Thong Pha Pong] စိုင်ယုတ် [Sai Yok] ထတကွာ [Tha Takwa] လပ်မ်စမ် [Lun Sun] တို့ဖြစ်သည်။ မွန် များသည်နယ်ခြားတာဝန်ကိုယူရပြီး ကရင် အများအပြား လည်းပါဝင်သည်။ မွန် မြို့များတောင်ပိုင်း ကန်ချနဘူရီ ရပ်ချ်ဘူရီ။ဖက်ချ်ဘူရီ[PetBuri]တောင်ပိုင်းပြည်နယ်များ တွင်ကရင်ထောက်လှမ်းရေးအနည်း အကျဉ်းလောက်သာ ရှိသည်၊၁၈၅၁စတုတ္တမြောက်ရာမ[Rama Iv]နန်းတက်၍ အနောက်ဘက်နယ် ခြား ကိစ္စများကို ဗြိတိသျှ တို့နှင့် ဆောင်ရွက်ရန်သဘောပေါက်ထားသည် ၁၈၅၂–၅၃ခုနှစ် အင်္ဂလိပ်မြန်မာစစ်ပွဲတွင်အင်္ဂလိပ်တို့ အောင်နိုင် သဖြင့် ထိုင်းဘုရင် အဖို့ပိုမိုပြီး စိတ်မသက်မသာရှိနေရသည်၊ထို ကြောင့်မောင်းဂွတ်ဘုရင်[Mong Gut]သည်ကရင်များထိုင်း လက်အောက်ရှိရေးကို ဆက်လက်ကြံဆခဲ့သည်၊ ဗြိတိသျှ လေ့လာသူများ အဆိုအရ ၁၉ ရာစု အစောပိုင်း၊ ထိုင်း မြန်မာစစ်ပွဲကြောင့် ထိုင်း လူဦးရေ ယုတ်လျော့ခဲ့ရသည် ဟုဆိုသည်။ ကပ္ပတိန်ဘာနေ၏ ၁၈၂၆ ခုနှစ် [Captain -Burney] ၏သုံးသပ်ချက်အရ ထိုင်းနိုင်ငံ၏ စစ်မှုထမ်း အများအပြားလိုအပ်မှုသည်အမျိုးသားများ၏ ဘဝမျှော် လင့်ချက်ကိုဖြတ်တောက်သကဲ့သို့ရှိသည်၊မှန်မမှန်မသိရပါ။ မြန်မာနိုင်ငံနှင့် စစ်ပွဲများတွင် ယောကျ်ားဦးရေအမှန်ပင် လျော့နည်းပြီးထိုင်းလူမှုအဖွဲ့အစည်းတွင်အမျိုးသမီးဦးရေပိုမို များပြားလာခဲ့လေသည်။ ကရင် များသည် လူဦးရေများ သော်လည်း၎င်းတို့ဒေသသည်စစ်ရေးအရအရေးပါပြီးထိုင်း ကာကွယ်ရေးကိုအထောက်အကူပြုနိုင်ကြောင်းမောင်းဂွတ် ဘုရင် ကသဘောပေါက်ထားသည်၊ မောင်းဂွတ် ဘုရင် သည်နယ်မြေကာကွယ်ရေးကိုပက်ချ်ဘူရီအထိတိုးချဲ့ဆောင် ရွက်ခဲ့သည်။ထိုဒေသသည်ဗြိတိသျှ တို့ဝင်ရောက်ရာလမ်း ကြောင်းဖြစ်နေသည်။ သူ၏ သံအမတ်များကိုညွှန်ကြား ချက်ပေးရာတွင်ဘုရားသုံးဆူဒေသတခုတည်းသာနယ်ခြား သတ်မှတ်နိုင်သေးသည်ကျန်ဒေသများတွင်တိကျစွာမသတ် မှတ်နိုင်သေးပါအထူးသဖြင့် ပက်ချ်ဘူရီ ချောင်းမှအ လှမ်းကွါသောချောင်းများရှိကရင်များ

နှင့်လဝများဗြိတိသျှထံသို့ပါသွါးလျှင် ထိုင်းတို့အနေနှင့် နယ်ခြားကိုကာကွယ်နိုင်မည်မဟုတ်ပါထို့ကြောင့်နယ်စပ် ဒေသတလျှောက် လူအင်အားများပြားလာရေး အတွက် လူမျိုးအစုငယ်များကိုထိုင်းလူအဖွဲ့အစည်းအတွင်းပူးပေါင်း ပါဝင်လာစေရေးကိုအားထုတ်ကြရမည်ဟုဖေါ်ပြထားသည် ကရင်များထိုင်းဖက်သို့ကူးပြောင်းလာသည်မှာ အထက်ပါ အခွင့်အရေးများကိုကြိုဆိုရာရောက်လေသည်။ ပက်ချ်ဘူရီနှင့် မဲဆောက်တလျှောက်ကရင်များသည်ထိုင်း လူမျိုးများနှင့် ပဋိပက္ခ ကြီးကြီး ကျယ်ကျယ် မရှိခဲ့ပေ ထိုင်းတို့နှင့် နီးနီးကပ်ကပ် နေပြီး မကျေမနပ် ဖြစ်လျှင် တောတွင်းသို့ဝင်ရောက်ခိုလှုံသွါးကြသည်သို့သော်ကရင် အများအပြားသည်၊ ထိုင်းတို့နှင့် ပိုမိုနီးကပ်စွာ ရှိကြပြီး မောင်းဂွတ်ဘုရင်လက်ထက်နှင့်နောက်ပိုင်းကာလများအ ထိနယ်စပ်ရှေ့တန်းတလျှောက်ကာကွယ်ရေးတာဝန်ကိုထမ်း ဆောင်ကြလေသည်။အနောက်ဘက်နယ်ခြားဒေသသည်၊ ကောင်းစွာစောင့်ကြပ်နိုင်ဆဲရှိသည်၊ ကန်ချနဘူရီဘုရင်ခံ ဖရာ့စီတီစုန်ခရန် [Phraya Phrasithi song Khram] [၁၈၅၆သေဆုံး]အားညွှန်ကြားရာ မောင်းဂွတ် ဘုရင်က ကန်ချနဘူရီသည်အင်္ဂလိပ်တို့နှင့်မျက်နှာခြင်းဆိုင်ဖြစ်၍အ ရေးပါသောမြို့တမြို့ဖြစ်သည်၊နယ်စပ်ဒေသကိုအနှောက်အ ယှက်မရှိဘဲ နှစ်စဉ်လုံခြုံစွာ ထားနိုင်ရန် လိုအပ်သည်ဟု ညွှန်ကြားခဲ့သည်။မောင်းဂွတ်ဘုရင်ကအသစ်ခန့်အပ်သော ဖာရာ့ဖရာစီတီစုန်ခရန်အားလည်း ရှေ့တန်းတွင်ကာကွယ် ရေးများရှိရန်နှင့် ဓါးပြများ လူဆိုးများကိုလည်းထိမ်းချုပ် ထားရန် ညွှန်ကြားခဲ့သည်ဘုရင်သည်၊ ကရင် များကိုအ နောက်ဘက် ကာကွယ်ရေး တွင်ပါဝင် လာစေ ခြင်းကို ကြိုးပမ်းသည့် အပြင် သူကိုယ်သူလည်း ကရင် ဘုရင်ဟု [King of Karen]မှတ်ထင်ပုံရသည်။ နိုင်ငံခြား သတင်း ထောက်များထံ၊ ပေးစာနှင့် မထုတ် ပြန်သော စာများ အရ၊ကရင်များအားလွပ်လပ်ရေးနှင့် အမှီအခိုကင်းရေးကို အသိအမှတ်ပြုသော စာအမျိုးမျိုးကို ရေးသား ထုတ်ပြန် ခဲ့လေသည်၊ ၁၈၅၄၊ ခုနှစ် ဆာဂျွန်ဘောင်းရင်း [Sir John Bowing] သို့ဟူသောမှတ်စုထိပ်ဆုံးမှ/အလွန်တရား ဓမ္မကျပြီး အချုပ်အခြာ အာဏာလျော့နည်းသော ထိုင်း ဘုရင့်နိုင်ငံတော်နှင့်၎င်း၏အနီးအနားလူမျိုးစု နိုင်ငံငယ် များဖြစ်သောအနောက်မြောက်ဘက်မှ လောရှမ်း၊ အရှေ့ မြောက်ဘက်တွင် လောခေါင်၊ တောင်ဘက်တွင် ကမ်ပူး ချား၊မလေးကျွန်းစွယ်အားလုံးလုနီးပါးနှင့်အနောက်ဘက်တွင် ကရင်များဟူ၍ဖေါ်ပြထားသည်၊ မောင်းဂွတ် ဘုရင်သည် အခွန်ကောက်ခံရေး စနစ်သစ် တရပ်ကိုချမှတ်ခဲ့သည်။ ထိုမင်းဆက်အကုန်တွင် အခွန်ကိုငွေသားဖြင့် အခွန်ပေး ဆောင်စေသည်ပြည်သူ့လုပ်ငန်းစီမံကိန်းတွင်ငှါးရမ်းထား သောတရုပ်ကူလီများကိုအခပေးရန်ဖြစ်သည်၊

စီစဝပ်ကရင်များသည်ငွေသားဖြင့်အခွန်ပေးဆောင် ရေးစနစ်တွင်အခက်အခဲအနည်းငယ်ရှိခဲ့သည်။စီစဝပ်သည်တောနက်ထဲတွင်ရှိပြီးအံ့ဩစရာကောင်းလောက်အောင်ပင်ကြွယ်ဝမှုကိုပိုင်ဆိုင်ထားသည်စားသောက်ကုန်ရောင်းချသောကုန်သည်များသည်ကုန်ဆိုင်များ၌၎င်း၊ထမ်းပိုးများ၊လှေများဖြင့်၎င်းလှည့်လည်ရောင်းချကြသည်။ဆိုင်များတွင် လူသုံးကုန်ပစ္စည်းရောင်းချရာတွင်အခွန်အဖြစ်၊ဘတ်ရှစ်ပုံ တပုံပေးရသည်။လက်လီကုန်စုံဆိုင်များ၏အများဆုံးပေးရသော အခွန်မှာ၊တနှစ်ကို(၄)ဘတ်ဖြစ်သည်။မြို့တွင်ဆန်စက်မဲနယ်စက်သကာရည်လုပ်သူများ၊ဆီကြိတ်စက်ရွှေပြားခတ်စက်၊ ရွှေရည်စိမ်နှင့်ငွေထည်လုပ်ငန်းများရှိနေသည်။အခွန်ငွေကိုစာရင်း ပြုစုရန်မလွယ်ကူပါငွေသားရှားပါးသောကရင် များအခွန်ပေးဆောင်ရန်မကြာခဏပျက်ကွက်သည်၊မြို့များနှင့်ကျေးရွာများတွင်အခွန်ကင်း လွတ်ခွင့်ဆက် လက်ရှိသော်လည်းဝေးလံသောဒေသကရင်များသည်တန်ဘိုးကြီးသောလက်ဝတ်လက်စားများရှိသော်လည်းငွေသားဖြင့်အခွန် မပေးနိုင်၍တစတစအခွန်ပေးဆောင်ခြင်းမရှိတော့ပေ၊ကရင်ထွက်ကုန်ပစ္စည်းများတန်ဘိုးကျနေသော်လည်း၁၈၆၀ခုနှစ်အထိမြန်မာနယ်ခြားကာကွယ်ရေးတွင်အရေးပါလျှက်ပင်ရသေးသည်။၁၈၆၃ခုနှစ်အင်္ဂလိပ်ထိုင်းသဘော တူချက်အရ "ဖါဟင်"[Pahang]အားဗြိတိသျှ တို့ကြီးစိုးမှုကို အသိအမှတ်ပြုလိုက်ခြင်းဖြင့်ထိုင်းဗြိတိသျှတင်းမာမှုအဆုံး သတ်သွားလေသည်။ ဘန်ကောက်ရှိဗြိတိသျှ ကောင်စစ် ဝန်တီ–ဂျီ–နော့[T .G.Knox]အားအိန္ဒိယ ဘုရင်ခံ ချုပ်ကိုယ်စားထိုင်းမြန်မာနယ်ခြားရေးဆွဲရန် မောင်းဂွတ်ဘုရင်အားပြောကြားလိုက်သည်။ဗြိတိသျှတို့သည်မြောက်ပိုင်းဘုရားသုံးဆူ ဒေသကိုအထူးစိတ်ဝင်စားသည်။ ထိုနယ်ခြားသည်ပင်မဦးစွန်းမှမကြာခဏလွှဲ ပြောင်းသောကြောင့်ဖြစ်သည်ထိုင်းမြန်မာနယ်ခြားကိစ္စမကြာခဏပေါ်ပေါက်ရာတွင်စေ့စပ်ရေးများ၌ကရင်များ အရေးပါ သောအခန်းကဏ္ဍမှပါဝင်ခဲ့သည်။၁၈၆၅ခုဇန္နဝါရီလ(၁၅)ရက် မုတ္တမမှဗြိတိသျှဘုရင်ခံချုပ်ဖြစ်သူအက်ဖ်ဂျီအက်စ်၊အိုရီလီ[ F.G.S ORil-ey) ဘုရားသုံးဆူရောက်လာသည်ထိုင်းကိုယ်စားလှယ်အဖွဲ့စီစဝပ်ကိုအုပ်ချုပ်ခဲ့သူဖရာ့ဖိချိုင်းစုန်ခရန်[Phra-Pi Chai Songkram]ဖေဖေါ်ဝါရီလ(၂)နေ့ရောက် လာသည်၊နိုင်ဒက်[Naidet](အဖွဲ့ခေါင်းဆောင်)ကရှေ့စခန်းမှကြီးအကဲများညှိနှိုင်းပြီးရေးဆွဲခဲ့သော နယ်ခြားမြေ ပုံကိုအိုရီလီ အားပေးလိုက်သည်။ဗြိတိသျှကိုယ်စားလှယ် အဖွဲ့ကနယ်ခြားလိုင်းကိုဥထိုင်း၌ါနီထိစစ်ဆေးရန်တောင်းဆိုသဖြင့်အဖွဲ့ဝင်ပရာ့ရာဌါနါခက်[Phraya Thanacak]နှင့်ဖရာ့ဖိချိုင်းစုန်ခရန်တို့အား စေလွှတ်ပြီးသူကိုယ်တိုင် ဗြိတိသျှနှင့်ဆွေးနွေးရန်ဗမာပြည်သို့လိုက်သွားသည်၊၁၈၆၇ခုနှစ်ဗြိတိသျှဘက်မှအေအိပ်ချ်ဘက်ဂီ[A.Bagge]ကိုနယ်စပ်သို့စေလွှတ်ပြီးထိုင်းဘက်ကဂီပူးတွဲလေ့လာရေးလုပ်အပြီး၊နယ်စပ်မျဉ်းကြောင်းကိုသဘောတူချက်ပြုကြသည်။စာချုပ်၊ချုပ်ဆိုခြင်းကိုမူမလုပ်ကြပါ၊အဘယ်ကြောင့်ဆိုသော်နှစ်ဖက်စလုံးမှတင်ပြချက်တွင်နိုင်ဒက်၊အဖွဲ့ခေါင်းဆောင်နှင့်ဖရာ့စုဝမ်[စန်ခရာဘူရီအကြီးအကဲ]တို့၏အရှေ့တောင်စွန်းရှိကရင်များအပေါ်အမှုစီရင်ခွင့်အာဏာတောင်းဆိုခြင်းအ ချို့ အပေါ်အသိအမှတ်ပြုသည်။နယ်ခြားသတ်မှတ်ချက်သည်၊ ရေဝေကြောအရမဟုတ်ပေမြေတိုင်းများကမြန်မာအပေါ်သစ္စာခံသောကရင်နှင့်ထိုင်းအပေါ်သစ္စာခံသောကရင်ဟူသောအချက်ပေါ်တွင်အခြေခံ၍ရေးဆွဲထားခြင်းကိုနှစ်ဖက်စလုံးမှလက်ခံထားသည်။သို့သော်ကရင်များသည်အသစ်ပြုလုပ်မည့်တောင်ယာများအ တွက်နယ်စပ်ကိုဆက် လက် ဖြတ်ကျော်ကြသည်။တချိန်ကထိုင်းအပေါ်သစ္စာခံသောကရင်များသည်တောင်ယာအတွက် မြန်မာပြည်တွင်သို့ဝင်ကြရာ "ဖရာ့စုဝမ်"သည်ထိုကရင်များနှင့်ဆက်သွယ်မှုအမြဲပြုလုပ်နေလေသည်။ ၁၈၆၈ခုမောင်းဂွတ်ဘုရင်သေ ဆုံးပြီးနယ်စပ်ကိစ္စများရွှေ့ဆိုင်းထားရလေသည်၊၁၈၉၀ခုနှစ်ရောက်လာ သော အခါ မှ ချင်းမိုင်ရှိသစ်ကုမ္ပဏီကိစ္စဘုရားသုံးကရင်များကိစ္စများကိုစေ့စပ်မှုများပြန်လည် ပြုလုပ်လာကြသည်။ ၁၈၆၆ခု ချူလာလောင်(Chulalongkorn) နန်းတက်သောအခါဘုရားသုံးဆူသည် ဆိတ်ငြိမ်လျှက်ရှိသည်။ ချူလာလောင်ကွန် သည်ကရင်များကိုပုဂ္ဂိုလ်ရေးအ ရနှစ်သက်သည်၊စိုင်ယုတ်သို့(၃)ကြိမ်မျှလှည့် လည်ရာတွင်ကရင်အကြီးအကဲများနှင့်တွေ့ဆုံနှုတ်ဆက်စကားပြောခဲ့သည်၊သို့သော်နိုင်ငံတကာစီးပွါးရေးနှင့်ပြောင်းလဲမှု အခြေ အနေများကြောင့်ထိုင်းတို့၏အကျိုးစီးပွါးတွင်ကရင်များ၏အရေးပါမှုလျှော့နည်းလာသည်။ ၈၇၃ခုနှစ်ချူလလောင်ကွန်ဘုရင်သည်ကရင်များအားထိုင်းအမျိုးသားဘဝတွင်ထည့်သွင်းရန်ကြိုးစားသော်လည်းကရင်များသည်တိုးတက် လာသောထိုင်းပြည်၏ပြင်ပတွင်မကြာခဏရောက်နေသည်ကိုတွေ့ရသည်။ကရင်တို့သည်အစဉ်အဆက်အရထိုင်းတို့ထံမှရသည်ထက်ပိုပေးရ သည်ချည်းဖြစ်သည်။ထိုင်းအာရှကုန်သွယ်ရေးတွင်အစဉ်အဆက်အရအရေးပါသောကဏ္ဍမှပါဝင်ခဲ့ရပြီးပထမဆယ်စုနှစ်များ၌ကရင်များ၏ကံကြမ္မာတိုးတက်ခဲ့သည်၊စန်ခရာဘူရမှာအလျှင်အမြန်တိုးတက်ပြီးစီစဝပ်မှာနောက်ကလိုက်လေသည်ထိုင်းတို့သည်ဆန်စပါးမှလွဲ၍ထွက် ကုန်ပစ္စည်းအ နည်းအကျဉ်းသာ ထုတ်နိုင်သည်ထိုကာလ၌ထွက်ကုန်ပစ္စည်း ပမာ ဏအများစုမှာ ကရင်များနေထိုင်သောတောတောင်ဒေသများ၌သာမှီခိုနေရသည်။

၁၈၅၅ခုနှစ်ဘိုးရင်း[Bowring]သဘောတူချက်အရဗြိတိသျှတို့ကထိုင်းထွက်ကုန်များအပေါ်လက်ဝါးကြီးအုပ်ခွင့်ရယာခြင်း မောင်းဂွတ်ဘုရင်၏ငွေသားဖြင့်အခွန်စည်း

ကြပ်ခြင်း၊ ရူးအက်တူးမြောင်းဖောက်လုပ်ပြီးစီးခြင်းနှင့်ဥရောပသို့ကုန်တင်ပို့မှုပမာဏကျဆင်းလာခြင်းစသောအကြောင်းများကြောင့်ကရင်များ၏ အရေးပါမှုမှာကျဆင်းလာခဲ့ရလေသည်ထိုင်းစီးပွါးရေးသည်အာရှအရှေ့ဖျားသို့ ဒိမ်ခံပစ္စည်း ထုတ်ကုန်ပစ္စည်းဖြစ်သောကြံ့ချိုသစ်မွှေးစသောကုန်ပစ္စည်းဖလှယ်ရေးထက်သစ်နှင့်စပါးစသောကုန်မာများကို ငွေသားဖြင့်ရောင်းချသော စနစ် ဖြစ်လာသည်ကရင်များသည်အထက်ပါ ကုန်ပစ္စည်းများမရှိသောကြောင့်တိုးမြှင့်လာသောထိုင်းစီးပွါး ရေးကိုဖြည့်စွမ်းနိုင်ခြင်းမရှိတော့ပေ။ထို့ကြောင့် ကရင်များ၏ကံကြမ္မာသည်တဖြည်းဖြည်းကျဆင်းလာတော့သည်၊ ထိုင်းနိုင်ငံခြားရေးပေါ်လစီကြောင့် ကရင်များ၏ အသုံး ဝင်မှုသည်ချူလာလောင်ကွန်အုပ်ချုပ်ရေးအစောပိုင်း ကာလကတည်းကအဆုံးသတ်နေပြီဖြစ်သည်။ ၁၉ရာစု ပထမ ဆယ်စုနှစ်များတွင်ဗြိတိသျှတို့၏ကျူးကျော်မှုကို ကြောက်၍ အနောက်ဘက်စစ်မျက်နှာမှစစ်အင်အားအတော်အတန်လိုအပ်သော်လည်း ထိုရာစုနှစ် အကုန် တွင်ထိုင်းတို့ စိတ်ချယုံကြည်သည်မှာမည်သည့်ထိုးစစ်မဆိုဘန်ကောက်ကိုတိုက်ရိုက်ထိုးမှာဖြစ်ပြီးထိုးစစ်မှာထိုင်းပင်လယ်ကွေ့မှပင်ဖြစ်လိမ့်မည်ဟုတွက်ဆထားသည်။ နယ်စပ်ကာကွယ်ရေးကိုထမ်းဆောင်နေသောကရင်များအဖို့နိုင်ငံရပ်ခြားသတင်းထောက်လှမ်းပေးရေးထက်မှုခင်း ကိစ္စများကိုဆောင်ရွက်ရသော ပုလိပ်သာသာ သဘောမျိုးပိုသက်ရောက်သည်။ ချူလာလောင်ကွန်ဘုရင်သည်ကရင်များ၏ သစ္စာရှိမှုကို အသိအမှတ်ပြုပြီးထိုင်းနိုင်ငံ၏တိုးတက်မှုအကျိုးကိုကရင်များရရှိခံစားနိုင်စေရန်မျှော်လင့်ထားသည်။လွတ်မြောက်ပြီးနှင်မလွတ်မြောက်သူအားလုံးကို ထိုင်းနိုင်ငံသားအဖြစ် အသိအမှတ် ပြုပြီးထိုင်းတပ်မတော်ပုလိပ် တပ်ဖွဲ့နှင့် ရွာလူကြီး ရွေးကောက်ပွဲများကိုစီစဉ်ပေးခဲ့ သည်ထိုင်းများနှင့်တပြေးညီ တည်းအခွန်ထမ်းဆောင်စေသည်၊ကျုံဆောင်ရွက် ချက်သည် ကရင်များ၊အထူးသဖြင့်လွတ်လပ်သူများအတွက် အကျိုးရှိသော်လည်းကရင်အများစုကြီးကိုမူအကူအညီအနည်းငယ်သာရခဲ့သည်။ ၁ ၉ရာစုအုပ်ချုပ်သော ဘုရင်များအနက် ချူလာလောင်ကွန်ဘုရင်သည် ကရင် အကျိုးကိုအများဆုံးပြုခဲ့သူတယောက်အဖြစ် ကြေညာခဲ့သော်လည်းသူ၏လက်ထက်တွင်ကရင်များ၏အရေးပါမှုစတင်လျှော့ပါးခဲ့ရသည်။
သူ၏ အုပ်ချုပ်ရေးကာလ၌ ကရင်အများစုမှာ တိုင်းရင်းသားဖြစ်လာခဲ့ရခြင်း ဘုရင်နှင့် တိုက်ရိုက်ဆက်ဆံရသဖြင့်ဝမ်းသာစရာဖြစ်နေသော်လည်းတီထွင်သုံးစွဲ စပြုနေသောကျောက်ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်၍ ကရင်အများစုမှာအမြဲလိုလိုခံစားခဲ့ရလေသည်။ ကရင်ဘဝ အဆင့်အတန်းသည်ချူလာလောင်ကွန်ဘုရင်လက်ထက်ဆက်လက်ကျဆင်းခဲ့ရလေသည် ၁၉၂၃ခုနှစ် ချူလာလောင်ကွန်ဘုရင်သေဆုံးခြင်းနောက်ဆုံးဆက်ဖြစ်သော၊ပရာစီရူဝမ်နာဂီရိ၊မြို့နယ်အုပ်ချုပ်ရေးမှူးဘဝမှအနားယူလိုခြင်းနှင့်၎င်း၏နေရာကိုဘန်ကောက်မှဝန်ထမ်းတဦးအစားထိုးလိုက်ခြင်းသည်ကရင်များ၏နိုင်ငံရေးအဓဥ်အလာနှင့်ဂုဏ်သိက္ခာကိုနောက်ဆုံးစွန့်လွှတ်လိုက်ရခြင်းဖြစ်လေသည်။




ရှေးအကျဆုံး ကရင်လူ့အဖွဲ့အစည်းထဲမှ (တာလခုန်း)အကြီးအကဲတဦးနှင့်တွေ့ဆုံခဲ့ရစဉ် (ကော့သဒုံ) ဆန်ခရာဘူရီ

To know the Karen of Burma and Thailand
(References)

1. The Karen of Burma, their search for Freedom and Justice by Harold E.Kelin, 1463 Stillman Avenue, redlands, Ca 92373, USA.
2. Burma and Karens by Dr.Sir San C.Po.C.B.E.
3. The Loyal Karens of Burma by Donald Mackenzie Smeaton, M.A. Bengal Civil Service.
4. The Karen of the Golden Chersonese by Lieut Colonel A.R.Mc. mahon, F.R.C.S.
5. Grand Father Longlegs.
The life and Galland Death of Major H.P.Deagrim.G.C., D.S.O., M.B.E., by Lan Morrison.
6. The life of Mahn Saw Bu by Rev Tho Wah.
7. The Karen History by Saw Aung Hla. (Copyright)
8. Kaw Thoo Lei, A report on the Un-Charted States of Burma and the Documents of the National Movement which seeks Independence from Burma.
9. Proceedings of the CCSDPT Karen Displaced persons work shop. Held at the Bangkok Indra Regent Hotel, November 28, 1948.
10. The way to Independence by Saw Ba U Gyi (Bar-at-Law), Chairman of Karen National Union (Rangoon, 1948).
11. The Movement of Karen Baptist convention, (Burma), 1828-1978 by Rev.Dr. Clayford Kyaw Dwe, Secretary-General of Karen Baptist Convention, 1978, Burma.
12. A New Karen family by Thra Molo.
13. Memoir of Saw Ko Tha Byu by Karen Baptist Convention, Burma.
14. Pwo karen at the edge of mountain and plain by James W.Hamilton, west publishing co. St Paul, New York, Boston.
15. The karens by Rev. John Hackney.
16. The Star of Burma, by rev. Harris.
17. The Karen people of Burma, by Rev. H.I.Marshall, M.A.
18. The travels of Marco Polo, the Venetain. Volume I and 11 Edition, 1903, by Sir H.Yule.
19. the Travel of Marco Polo, the Venetian, by John Masefield.
20. An Account of the Catholic Mission of Southern Burma, etc. 1909, by a Catholic Layman.
21. Archaeological Nòtes on Pagan, 1926, by Taw Sein Ko.
22. The Mahamuni Shrine, by ChanHtwan Aung.
23. The Races of mankind, 1928, by H.T.Fleure.
24. The Glass Palace, Chronicle of the kings of Burma, 1923, by Pe Maung Tin.
25. "Burma" by Sir J.G.Scott.
26. History of Burma, by Lt.Col. Phayre.
27. History of Burma by S.W.Cocks.
28. History of China, 1929, by Professor W.E.Soothill.
29..An out line History of China, 1926, by Gwen and Hall.
30. A Sketch of China Histroy, Ancient and modern, etc. Volume 1 and 2. 1834, by Rev. Charles Gutzlaff.
31. A short cut to History of Burma, 1928, by R.C. Gupta. B.A., B.L.
32. Census of India, 1921, Volume 5, Burma part 1.
33. Census of India, 1911, Volume 4, Burma part 1.

34. The Imperial Gazetteer of India, Volume 4, 1908, by W.W.Hunter.
35. The Imperial Gazetteer of India, Volume 3, 1885, by W.W.Hunter.
36. Burma Gazetteer, Taungon District, Volume A. 1914.
37. Burma Gazetteer, Pegu District, Volume A, 1917.
38. Burma Gazetteer, Syrim District, Volume A, 1914.
39. Burma Gazetteer, Insein District, Volume A, 1914.
40. Burma Gazetteer, Amherst District, Volume A, 1913.
41. Burma Gazetteer, Ruby Mines District, Volume A, 1915.
42. The world and its people, geography reader "Asia" 1905.
43. The Physiography of Burma by H.L. Chhibber, D.Sa., F.G.S., F.R.G.S. Edition 1933.
44. The story of Baptist Mission in Foreign lands from the time of carey to the present date by Rev.G.Winferd Hervey M.A., Edition,1886.
45. Evironmental " adaptation " among upland of northen Thailand a Karen / Hmong (MEO) case study, by Roland.
46. Highland for Thailand edited by John Mekinnont-Wannat Bhrusk sari
47. The hill tribes of Northen Thailand by Gordon Yong.
48. "Karen Subsistance " The limit of a Swidden Economy in Northen Thailand.
49. Ethnic adaptation and Indentity - The Karen of the Thai frontier with Burma by Charles F. Keyes.
50. kariang. History of Karen-Thai relation from the begining to 1923- by Ronal D. Renard, 1977.
51. Research upon Karen in village and Thai upper Kawenoy W-Thailand by Stern Theodore 1965.
52. Ariya and the golden book: A millenarian Budhist sed. Among the Karen, by Stern Theodore 1965.
53. A memior of the life and labour of the rev. Addori an Judson D.D. by Francis way Land.
54. Selected correspondence of letters issued from and recieved inthe office of the commission of tannaserin Division of the year 1825-26 to 1942-43.
55. Karen territorial spirit in ethnographic historical and political contest with some interpretation by Peter Hinton.
56. Ethincity, nationalism and the nation state: the karen and Burma and Thailand.
57. Pwo Karen, spritis and souls - by Somphols Larchrojna.
58. Commensalism as Practical symbol and Symboli Practic Among the s'gaw karen of Northen Thailand.
59. The Karen long struggle (Wellen, John).
60. Karen and communisim and Karen fight for peace (Saw Moo Troo)
61. Independence and self-determination of the Karenni State by KRC.
62. Pwo-karen at the edge of Mountain and plain by James W. Hamiton (West Publishing Company, St. Paul -New York, Bostony.

(၂၀)ရာစုနှောင်းပိုင်းမြန်မာနိုင်ငံတွင်ကရင်လူမျိုးများထူထပ်မှုနှိုင်းယှဉ်ပြမြေပုံ




IKHRA, 22/8 Rup Au Htip Rd., Mae Sod, Tak, Thailand Tel: (055) 532 424,
IKHRA, P.O.Box-84, Mae Sod, Tak 63110, Thailand (055) 532 647